မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၈ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် ( ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၆/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း တို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အောက်ဖော်ပြပါအရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည် -

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးကြီး မျိုးမင်းနောင် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| (၂) | ဗိုလ်မှူးကြီး အောင်စိုးမိုး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၇/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်နှင့် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင် တို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အောက်ဖော်ပြပါအရာရှိကြီးများကို ယှဉ်တွဲပါ ပြည်နယ်အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဗိုလ်မှူးကြီး ဟန်ဝင်းအောင် ချင်းပြည်နယ်အစိုးရအဖွဲ့

(၂) ဗိုလ်မှူးကြီး နိုင်ဝင်းအောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးကြီး ဖုန်းတင့် ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **“အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ”** တွင် အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များ အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည် -

(၁) အမြဲတမ်းအတွင်းဝန်
ပညာရေးဝန်ကြီးဌာန

(၂) အမြဲတမ်းအတွင်းဝန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၉/ ၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) မှ စက်ရုံမှူး ဦးကိုကိုအောင် ကို မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/ ၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ။)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) **မြစ်** ဆိုသည်မှာ ချောင်းများစီးဝင်ရာမှ ဖြစ်ပေါ်လာသော သဘာဝရေစီးကြောင်းကို ဆိုသည်။"

(ဂ) **ချောင်း** ဆိုသည်မှာ သဘာဝရေအရင်းအမြစ်များစုစည်း၍ တစ်နေရာမှတစ်နေရာသို့ စီးဆင်းသော ရေစီးကြောင်းကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (စ) တွင်ပါရှိသော "သို့ရာတွင် ကုန်းနှင့်တစ်ဆက်တည်းတည်ရှိသော ကျွန်းများမပါဝင်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ဌ) တွင်ပါရှိသော "မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းရန်" ဆိုသည့်စကားရပ်၏နောက်တွင် "နှင့် ဖွံ့ဖြိုးတိုးတက်စေရန်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဌ) ၏ နောက်တွင် ပုဒ်မခွဲ (ဌ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဌ-၁) **ကမ်းထိန်းအဆောက်အအုံ** ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးနယ်များ ရေတိုက်စား ကမ်းပြိုမှုမှ ကာကွယ်ရန်သော်လည်းကောင်း၊ ကမ်းပါးတည်ငြိမ်မှုရှိရေးအတွက်သော် လည်းကောင်း တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။"

(င) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ပြီး မူလပုဒ်မခွဲ (ဎ) ကို ပုဒ်မခွဲ (ဏ) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည် -

"(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကို ဆိုသည်။"

(စ) ပုဒ်မခွဲ (ဎ) တွင်ပါရှိသော "ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ" ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေတွင်ပါရှိသော "ပို့ဆောင်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(င) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ် အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများ အတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများ သတ်မှတ်ခြင်း။"

၅။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။"

(ခ) ပုဒ်မခွဲ (ဈ) တွင်ပါရှိသော "ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက်" ဆိုသည့် စကားရပ်၏ ရှေ့တွင် "မြစ်ချောင်းများတွင်" ဆိုသည် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဍ) ၏ နောက်တွင် ပုဒ်မခွဲ (ဍ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဍ-၁)မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း။"

(ဃ) ပုဒ်မခွဲ (ပ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ပ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ကမ်းနားနယ်အသုံးပြုခ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခများကောက်ခံခြင်း။"

၆။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဆ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကမ်းထိန်းအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ရေလမ်းထိန်းအဆောက်အအုံ၊ လွှန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလိုသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပဖြစ်သော အခြားလုပ်ငန်းများအတွက် မြစ်ရေအသုံးပြုခြင်း၊ လုပ်ကိုင်ခွင့်လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများ၊ တံတားများ ဆောက်လုပ်ခွင့်နှင့် ပြင်ဆင်ခွင့် လျှောက်ထားခြင်းတို့အပေါ် စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။

(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ သဲကျုံးခြင်း၊ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ မြစ်ကျောက်ထုတ်ခြင်းနှင့် ချောင်းကျောက်ထုတ်ခြင်းများ လုပ်ကိုင်ခွင့်လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ ထိခိုက်နိုင်ခြင်းရှိ မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။"

(ခ) ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ-၁) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်ယူခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် ရေလုပ်ငန်းဆောင်ရွက်ခြင်းများလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ၊ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ ထိခိုက်နိုင်ခြင်း ရှိ မရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့သဘောထားမှတ်ချက်ပေးခြင်း။"

(ဂ) ပုဒ်မခွဲ (ဇ) တွင်ပါရှိသော "မြစ်ချောင်းများအတွင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဇ) ၏ နောက်တွင် ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ည) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာအသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။

(ည) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့်ဆက်စပ်၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာအား ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။"

၇။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ဦးစီးဌာနသည် မိမိလုပ်ငန်းတာဝန်များကို လိုအပ်ပါက မိမိလက်အောက်ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးရုံးများ၊ မြို့နယ်ဦးစီးမှူးရုံးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။"

၈။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့်ကမ်းနားနယ်တို့တွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ-

(က) ရေလမ်းထိန်းအဆောက်အအုံ၊ လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဇောတံတား၊ ရေဆင်းလမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်ခြင်း၊ ယာယီမြစ်ကူး ချောင်းကူးတံတား ဆောက်လုပ်ခြင်းမပြုရ။

(ခ) ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ မွေးမြူရေးကန်များ တူးဖော်ခြင်းမပြုရ။"

၉။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၃ တွင် -

"(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "ပို့ဆောင်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော "ဆောက်လုပ်ခြင်းမပြုရ" ဆိုသည့် စကားရပ်ကို "လမ်းများနှင့် ကမ်းထိန်းအဆောက်အဦများ၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။"

၁၀။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၅ တွင်ပါရှိသော "ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ တွင်ပါရှိသော "ပြဋ္ဌာန်းချက်" ဆိုသည့် စကားရပ်ကို "တားမြစ်ချက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၇ တွင်ပါရှိသော "ကျပ် ၁၀၀၀၀ ထက်မပိုသောငွေဒဏ်" ဆိုသည့် စကားရပ်ကို "အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၃။ The Obstructions in Fairways Act, 1881၊ The Defile Traffic Act, 1907၊ The Ports Act, 1908၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁) တို့နှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

**ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂။) ကို ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ The Public Accountants Default Act, 1850 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တရားလွှတ်တော်ရှေ့နေများကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေ ပုဒ်မ ၉ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများ၏ နည်းဥပဒေ ၈ တွင် ပါရှိသော “K 2500 (Kyats two thousand five hundred only)” ဆိုသည့် စကားရပ်ကို “K 10000 (Kyats ten thousand only)” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများ၏ နည်းဥပဒေ ၁၅ တွင် ပါရှိသော “K 120 (Kyats one hundred and twenty only)” ဆိုသည့်စကားရပ်ကို “K 5000 (Kyats five thousand only)” ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

ထွန်းထွန်းဦး
ဥက္ကဋ္ဌ
တရားလွှတ်တော်ရှေ့နေများကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၇**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

**ကိုယ်ရေးအရာရှိခန့်အပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်စွဲပါ အမိန့်အမှတ်၊ ၁၄/၂၀၁၇ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာ ဥပဒေနှင့်အညီ ဦးသက်ဖြူအောင် [၉/တသန (နိုင်) ၁၆၁၄၃၁] အား အလုပ်တာဝန်ဝတ္တရားများစတင် ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀- ၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကြေညာချက်အမှတ် (၁၆/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

### ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းတို့သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၅ နှင့် နည်းဥပဒေအပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန်ပျက်ကွက်သူများအား အရည်အချင်း ပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့ (၃) ကို ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့က အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်လောင်းတို့၏ ရွေးကောက်ပွဲ ကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၃ (က) အရ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ကြေညာသင့်ကြောင်း ကော်မရှင်သို့ အစီရင်ခံတင်ပြခဲ့ပါသည် -

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော်မဲဆန္ဒနယ် |
|---|---|---|---|
| ၁ | ဦးဇော်ထွန်း | မရှိ | ကော့မှူးမြို့နယ်<br>ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂ | ဦးညွန့်လှိုင် | မရှိ | မုံရွာမြို့နယ်<br>ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊<br>စစ်ကိုင်းတိုင်းဒေသကြီး |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ အစီရင်ခံစာများကို စိစစ်၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်း များအား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈(ဂ)အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော် သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၀/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူး (၂) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရဲ ၃၀၀၉ ယာယီရဲမှူး သိန်းထွန်း ၉-၁-၂၀၁၇
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(ခ) ရဲ ၃၀၆၂ ယာယီရဲမှူး သန်းဌေး ၂၂-၁၁-၂၀၁၆
စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၁/၂၀၁၇)**

မီးသတ်ဦးစီးဌာန၊ ထားဝယ်ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ (မ ၀၅၅၆) လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်ဝင်း အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (လက်ထောက်ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၅/၂၀၁၇)**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) (၂) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ဦးမောင်မောင်မြင့် (ပ/၇၁၄၃)

(ခ) ဦးအေးကိုကို (ပ/၇၁၃၁)

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၆/၂၀၁၇)**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦး အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ လက်ရှိရာထူး အဆင့် (ဒုတိယညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ဦးမင်းရဲထွန်း (ပ/၇၁၄၄)

(ခ) ဦးတင်ကိုလင်း (ပ/၇၁၄၅)

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၇/၂၀၁၇)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုမောင် (ပ/၄၄၆၅) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (လက်ထောက်ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၈/၂၀၁၇)

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးစီးအရာရှိ ဦးကိုကိုဝင်း (ပ/၅၀၈၀) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဦးစီးအရာရှိ) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၀၉/၂၀၁၇)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူများ၏ အနီးကပ်လုံခြုံရေးတပ်စုမှ တပ်ဖွဲ့စုမှူး ရဲ ၂၆၉၀ ယာယီဒုတိယရဲမှူးကြီး ကျော်ဌေးလွင် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၁၁/၂၀၁၇)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲ ၂၇၅၁ ရဲမှူး ဉာဏ်သောင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၃) လ (၅) ရက်ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၁၂/၂၀၁၇)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အောက်ဖော်ပြပါ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) (၆) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့်(ညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ဦးအောင်မြင့်စိုး (ပ/၅၃၆၅)
မုံရွာခရိုင်ရုံး

(ခ) ဦးအောင်ဇော်မိုး (ပ/၅၃၇၆)
ကလေးခရိုင်ရုံး

(ဂ) ဦးဝင်းဇော်နိုင် (ပ/၅၃၇၇)
မန္တလေးခရိုင်ရုံး

(ဃ) ဦးနေဦး (ပ/၅၃၇၈)
ကျိုင်းတုံခရိုင်ရုံး

(င) ဦးမောင်ထူး (ပ/၅၃၇၉)
ရွှေဘိုခရိုင်ရုံး

(စ) ဦးသန်းထွန်းဦး (ပ/၅၃၈၀)
ကျောက်ဖြူခရိုင်ရုံး

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၃/၂၀၁၇)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ချမ်းငြိမ်း (ပ/၇၁၃၃) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယညွှန်ကြားရေးမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၄/၂၀၁၇)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးသန်းဆွေဝင်း (ပ/၅၅၀၄) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၇/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးကြီး (၃) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည် -

(က) ရဲ ၁၇၂၉ ယာယီရဲမှူးကြီး နိုင်ရဲသူ
ဌာနမှူး
နည်းပညာဌာန၊ သတင်းရဲတပ်ဖွဲ့

(ခ) ရဲ ၁၉၇၉ ယာယီရဲမှူးကြီး စိုးလင်းအောင်
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ

(ဂ) ရဲ ၁၈၁၀ ယာယီရဲမှူးကြီး ဇော်မင်းဦး
ကွပ်ကဲမှုအဖွဲ့ခွဲမှူး
အမှတ် (၁၀) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ
အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ (တွဲ)

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၈/၂၀၁၇)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင် (ပ/၃၅၁၃) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁၉/၂၀၁၇)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်လွင် (ပ/၅၃၆၃) အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃၃/၂၀၁၇)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၇ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ သုတေသနဌာနခွဲမှ ကြည်း ၃၇၂၉၆ ဗိုလ်မှူး ချမ်းမြေ့ဝင်း အား ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃၄/၂၀၁၇)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၇ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အမှတ် (၃၈၈) ခြေမြန်တပ်ရင်းမှ ကြည်း ၄၀၇၉၆ ဗိုလ်မှူး တင်ထွန်းအောင် အား ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃၅/၂၀၁၇)**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၇ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးမှ ကြည်း ၄၆၈၆၇ ဗိုလ်ကြီး ဇာနည်မောင် အား ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

**အမိန့်ကြော်ငြာစာ (၃၉၁/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက် )

ပညာရေးဝန်ကြီးဌာန (ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန) မှ အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၅၀၉/၂၀၁၅) ဖြင့် နိုင်ငံတော်ကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် သတ်မှတ်ပြီးဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၂. ဝ. ၆/အထက်ပိုင်း

ရပ်ကွက်)၊ ဦးပိုင်အမှတ် (၁[က]) ရှိ မြေဧရိယာ (၄. ၀၀) ဧက အား **ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (မအူပင်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၂/၂၀၁၇)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်၊ ၄၅/ကျေးကုန်းရွာမ၊ မြေကွက်အမှတ် (၃၈၉[၃၃၆]) မှ မြေဧရိယာ (၂. ၁၅) ဧက၊ မြေကွက်အမှတ် (၄၄၇ [၃၃၅]) မှ မြေဧရိယာ (၀. ၈၄) ဧက၊ စုစုပေါင်းမြေဧရိယာ **(၂. ၉၉)** ဧက အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **"ကလောပင်မဓာတ်အားခွဲရုံ"** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၃/၂၀၁၇)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်/အမည်၊ ၂၀/တွင်းလမ်းခွဲ၊ ဦးပိုင်အမှတ် (၃၂[၄၃]) မှ မြေဧရိယာ (၄. ၆၇၁) ဧက၊ ဦးပိုင်အမှတ်၊ (၃၃ [၄၁]) မှ မြေဧရိယာ (၀. ၃၂၉) ဧက၊ စုစုပေါင်းမြေဧရိယာ **(၅. ၀၀)** ဧက အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ **"ဘုတလင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၄/၂၀၁၇)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ အကွက်အမှတ်/အမည်- ၁၆-ဃ/ရန်မျိုးအောင်၊ မြေကွက်အမှတ် (၂၅၈၊ ၂၅၉) မှ မြေဧရိယာ **(၁. ၃၀၆) ဧက** အား မြန်မာ့သစ်လုပ်ငန်း၊ **"ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ အမှတ် (၂) သစ်ဆိုင်"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၅/ ၂၀၁၇)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ အကွက်အမှတ်/အမည်-(RA II)/ကွက်ပြင်-၂ ဦးပိုင်အမှတ် (၂) ၏ တစ်စိတ်တစ်ဒေသဦးပိုင်အမှတ် (၂စ[၁])၊ **မြေဧရိယာ (၁၄. ၁၃၀) ဧက** အား အားကစားနှင့်ကာယပညာဦးစီးဌာန၊ **"ပြင်ဦးလွင်ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၆/ ၂၀၁၇)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်၊ ၄၅/ကျေးကုန်းရွာမ၊ မြေကွက်အမှတ် (၆၁) မှ မြေဧရိယာ (၈. ၉၀) ဧက၊ မြေကွက်အမှတ် (၄၄၇ [၃၃၃]) မှ မြေဧရိယာ (၃. ၉၄) ဧက၊ စုစုပေါင်းမြေဧရိယာ **(၁၂. ၈၄)** ဧက အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ **"ကလောပင်မဓာတ်အားခွဲရုံ"** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၇/ ၂၀၁၇)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်၊ ၁၆၆/စစ်တပ်တောင်၊ မြေကွက်အမှတ် (၁၆၄ [၄၀၂]) မှ မြေဧရိယာ (၁. ၀၀) ဧက အား အလုပ်သမား ရေးရာဆက်ဆံရေးဦးစီးဌာန **"ကယားပြည်နယ်အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၉၉/ ၂၀၁၇)

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်/ အမည်- ၁၉/တဲကြီးတန်း၊ ဦးပိုင်အမှတ် (၂၃[၆])၊ မြေကွက်အမှတ် (၁၉) မှ မြေဧရိယာ **(၀. ၀၅၅) ဧက**အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ **"ရမည်းသင်းခရိုင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံး"** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်ပါ စစ်ဆေးအတည်ပြုထားသည့်မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၄၀/၂၀၁၇)

နေပြည်တော် ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

၁။ ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ နောင်အောကျေးရွာအုပ်စုတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်သော လုံမိုင်း ကျေးရွာ (၅. ၇၄) ဧကအား တိုးချဲ့ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**(က) ကျေးရွာ (၁) တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) နောင်အော | (၁) နောင်အော | (၁) နောင်အော | (၁) နောင်အော |
| | (၂) ကုန်းထမ်း | | (၂) ကုန်းထမ်း |
| | (၃) ပန်တဝိ | | (၃) ပန်တဝိ |
| | (၄) လောင့်မအိုး | | (၄) လောင့်မအိုး |
| | (၅) ပါယုတ် | | (၅) ပါယုတ် |
| | | | (၆) **လုံမိုင်း** |

၂။ အထက်ဖော်ပြပါအတိုင်း ရှမ်းပြည်နယ်၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ နောင်အောကျေးရွာအုပ်စုတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပြီး ဖြစ်သော လုံမိုင်းကျေးရွာ (၅. ၇၄) ဧကအား တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် လင်းခေးမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ် အလားအလာ သတ်မှတ်ချက်များသည် လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၄၁/၂၀၁၇)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ သိန်ခွန်းကျေးရွာအုပ်စုအတွင်းရှိ ကြိုးဝိုင်း တောမြေမှ ပယ်ဖျက်ပေးခဲ့သည့် မြေဧရိယာ (၁၉၁၈) ဧကအား ရပ်ကွက် (၃) ရပ်ကွက်ပါဝင်သော မောတောင် မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **မြို့၊ ရပ်ကွက်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မြို့** | **ရပ်ကွက်** |
|---|---|
| (၁) မောတောင် | (၁) မြို့မရပ်ကွက် |
| | (၂) အမှတ် (၁) ရပ်ကွက် |
| | (၃) အမှတ် (၂) ရပ်ကွက် |

(ခ) **ကျေးရွာအုပ်စု (၁) အုပ်စု နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) သိန်ခွန်း | (၁) သိန်ခွန်း | (၁) **သိန်ခွန်း** | (၁) သိန်ခွန်း |
| | (၂) ထုံန | | (၂) ထုံန |
| | (၃) ထုံခ | | (၃) ထုံခ |
| | (၄) ကော့ယွန်း | | (၄) ကော့ယွန်း |
| | (၅) တောင်တိန်း | | (၅) တောင်တိန်း |
| | (၆) လက်ပံသောင် | | (၆) လက်ပံသောင် |
| | (၇) တာပလပ် | | (၇) တာပလပ် |

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| | (၈) ချောင်းဝ | | (၈) ချောင်းဝ |
| | (၉) ကွမ်းသီးတော | | (၉) ကွမ်းသီးတော |
| | (၁၀) ရမ်းချုံး | | (၁၀) ရမ်းချုံး |
| | (၁၁) အုန်းပင်ကွင်း | | (၁၁) အုန်းပင်ကွင်း |
| | (၁၂) တုံမနောင်း | | (၁၂) တုံမနောင်း |
| | (၁၃) ဝေန်ချောင်းဝ | | (၁၃) ဝေန်ချောင်းဝ |
| | (၁၄) ချောင်းနောက်ပြန် | | (၁၄) ချောင်းနောက်ပြန် |

၂။ အထက်ဖော်ပြပါအတိုင်း တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ သိန်ခွန်းကျေးရွာအုပ်စုအတွင်းရှိ ကြိုးဝိုင်းတောမြေမှ ပယ်ဖျက်ပေးခဲ့သည့် မြေဧရိယာ (၁၉၁၈) ဧကအား ရပ်ကွက် (၃) ရပ်ကွက်ပါဝင်သော မောတောင်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် တနင်္သာရီမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၄၂/၂၀၁၇)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ နန်းသြကျေးရွာအုပ်စုအတွင်းရှိ လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းလမ်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်သည့် မြေဧရိယာ (၁၅၄. ၁၂) ဧကကို ပုပ္ပါးကုန်းရပ်ကွက်အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်း၍ ကျန်ရှိသည့်မြေဧရိယာ (၁၁၃၂၅. ၈၈) ဧကအား နယ်နိမိတ်ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းလမ်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်သည့် မြေဧရိယာ (၄၇. ၁၃) ဧကကို ဥယျာဉ်ကျေးရွာအဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ရပ်ကွက် (၁) ရပ်ကွက် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

| မြို့ | မူလရပ်ကွက် | ပြုပြင်ဖွဲ့စည်းပြီးရပ်ကွက် |
|---|---|---|
| (၁) ဇေယျာသီရိ | (၁) အနော်ရထာ | (၁) အနော်ရထာ |
| | (၂) ကျန်စစ်သား | (၂) ကျန်စစ်သား |
| | (၃) ပြည်စံအောင် | (၃) ပြည်စံအောင် |
| | (၄) အောင်ဇေယျ | (၄) အောင်ဇေယျ |
| | | (၅) **ပုပ္ပါးကုန်း** |

(ခ) **ကျေးရွာအုပ်စု (၁) အုပ်စု နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ (၁) ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) နန်းသြ | (၁) နန်းသြ | (၁) **နန်းသြ** | (၁) နန်းသြ |
| | (၂) ဒိုးပင်ခုံ | | (၂) ဒိုးပင်ခုံ |
| | (၃) သိုက်ချောင်း | | (၃) သိုက်ချောင်း |
| | | | (၄) **ဥယျာဉ်** |

၂။ အထက်ဖော်ပြပါအတိုင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်တွင် ရပ်ကွက် (၁) ရပ်ကွက်တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာအုပ်စု (၁) အုပ်စု နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်

ကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် ဇေယျာသီရိမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်း ဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၄၃/၂၀၁၇)

၁။ ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်၊ မိုင်းဟန်ကျေးရွာအုပ်စုတွင် အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေလွတ်မြေလပ် (၄၉. ၈၅) ဧကအား နားကောင်းမူကျေးရွာမြေ နယ်နိမိတ်ဧရိယာအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **ကျေးရွာ (၁) ရွာ ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) မိုင်းဟန် | (၁) မိုင်းဟန်ရွာမ | (၁) မိုင်းဟန် | (၁) မိုင်းဟန်ရွာမ |
| | (၂) နားကောင်းမူ | | (၂) **နားကောင်းမူ** |
| | (၃) ကျောင်းတော (ရှမ်း) | | (၃) ကျောင်းတော (ရှမ်း) |
| | (၄) ကျောင်းတော (လီရှော) | | (၄) ကျောင်းတော (လီရှော) |
| | (၅) လွယ်ချီလိပ် (အထက်) | | (၅) လွယ်ချီလိပ် (အထက်) |
| | (၆) နောင်ယာဆိုင်း | | (၆) နောင်ယာဆိုင်း |
| | (၇) လွယ်ချီလိပ် (အောက်) | | (၇) လွယ်ချီလိပ် (အောက်) |
| | (၈) ပွေဆာ | | (၈) ပွေဆာ |
| | (၉) မိုင်းဟဲ | | (၉) မိုင်းဟဲ |
| | (၁၀) နမ့်မဟူး | | (၁၀) နမ့်မဟူး |
| | (၁၁) ပုံတောင်း | | (၁၁) ပုံတောင်း |
| | (၁၂) ဟိုနမ့်လျို | | (၁၂) ဟိုနမ့်လျို |
| | (၁၃) မချီးနိုး | | (၁၃) မချီးနိုး |
| | (၁၄) မလူးလား | | (၁၄) မလူးလား |
| | (၁၅) ပန်ပေါင်း | | (၁၅) ပန်ပေါင်း |
| | (၁၆) မခေါက်တက် | | (၁၆) မခေါက်တက် |
| | (၁၇) လွယ်အွန့် | | (၁၇) လွယ်အွန့် |
| | (၁၈) ကံယောင် | | (၁၈) ကံယောင် |

၂။ အထက်ဖော်ပြပါအတိုင်း ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်အတွင်း မိုင်းဟန်ကျေးရွာအုပ်စုတွင် နားကောင်းမူကျေးရွာမြေ နယ်နိမိတ်ဧရိယာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် မိုင်းတုံမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် မိုင်းတုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၄၄/၂၀၁၇)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကျိုက်ဒေးယုံကျေးရွာအုပ်စုအတွင်းရှိ သူဌေးကုန်းနှင့် ဆင်ရွာ ကျေးရွာ (၂) ရွာအားစုစည်းပြီး သူဌေးကုန်းကျေးရွာအုပ်စုအဖြစ် တိုးချဲ့ဖွဲ့စည်းကာ ကျန်ရှိသည့်

ကျိုက်ဒေးယုံ၊ ကျုံတကန်နှင့် ကန်ကုန်းကျေးရွာ (၃) ရွာအား စုစည်း၍ ကျိုက်ဒေးယုံကျေးရွာအုပ်စုအဖြစ် ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **ကျေးရွာအုပ်စု (၁) အုပ်စု တိုးချဲ့ဖွဲ့စည်းခြင်း**

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) ကျိုက်ဒေးယုံ | (၁) ကျိုက်ဒေးယုံ | (၁) ကျိုက်ဒေးယုံ | (၁) ကျိုက်ဒေးယုံ |
| | (၂) ကျုံတကန် | | (၂) ကျုံတကန် |
| | (၃) ကန်ကုန်း | | (၃) ကန်ကုန်း |
| | (၄) သူဌေးကုန်း | (၂) **သူဌေးကုန်း** | (၁) **သူဌေးကုန်း** |
| | (၅) ဆင်ရွာ | | (၂) **ဆင်ရွာ** |

၂။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကျိုက်ဒေးယုံကျေးရွာအုပ်စု အတွင်းရှိ သူဌေးကုန်းနှင့် ဆင်ရွာ ကျေးရွာ (၂) ရွာ အား စုစည်းပြီး သူဌေးကုန်းကျေးရွာအုပ်စုအဖြစ် တိုးချဲ့ဖွဲ့စည်းကာ ကျန်ရှိသည့် ကျိုက်ဒေးယုံ၊ ကျုံတကန်နှင့် ကန်ကုန်း ကျေးရွာ (၃) ရွာအား စုစည်း၍ ကျိုက်ဒေးယုံကျေးရွာအုပ်စုအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ပဲခူးမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်း ဖြစ်သည်။

၃။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာအုပ်စုအတွင်းရှိ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်သော ညောင်ကျိုးကျေးရွာ (၁၉. ၁၃) ဧကနှင့် ပုဂံကွဲကျေးရွာ (၈. ၂၆) ဧကတို့အားစုစည်း၍ ညောင်ကျိုးကျေးရွာအုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို အောက်ပါ အတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၂) ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) ညောင်ခြေ ထောက် | (၁) ညောင်ခြေ ထောက် | (၁) ညောင်ခြေ ထောက် | (၁) ညောင်ခြေ ထောက် |
| | | (၂) **ညောင်ကျိုး** | (၁) **ညောင်ကျိုး** |
| | | | (၂) **ပုဂံကွဲ** |

၄။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၂) ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ပန်းတောင်းမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ် အလားအလာ သတ်မှတ်ချက်များသည် ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

၅။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ အောင်ပင်သာကျေးရွာအုပ်စု အတွင်းရှိ လူသတ်ကုန်းကျေးရွာအား သပြေတန်းကျေးရွာအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ကျေးရွာ (၁) ရွာ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း**

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) အောင်ပင်သာ | (၁) အောင်ပင်သာကြီး | (၁) အောင်ပင်သာ | (၁) အောင်ပင်သာကြီး |
| | (၂) အောင်ပင်သာလေး | | (၂) အောင်ပင်သာလေး |

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| | (၃) လူသတ်ကုန်း | | (၃) **သပြေတန်း** |
| | (၄) သခွတ်ကုန်း | | (၄) သခွတ်ကုန်း |
| | (၅) ရခိုင်ပုံ | | (၅) ရခိုင်ပုံ |
| | (၆) ကွင်းကန့်လန့် | | (၆) ကွင်းကန့်လန့် |
| | (၇) ကျန်တောစု | | (၇) ကျန်တောစု |
| | (၈) ကျွဲဘီအနောက်စု | | (၈) ကျွဲဘီအနောက်စု |

၆။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ အောင်ပင်သာ ကျေးရွာအုပ်စုအတွင်းရှိ လူသတ်ကုန်းကျေးရွာအား သပြေတန်းကျေးရွာအဖြစ် အမည်ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်းကြောင့် ကြို့ပင်ကောက်မြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ကြို့ပင်ကောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှတ်တွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်)

အမှတ် ၅၂ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေး ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျအား ဦးစီးအရာရှိရာထူးသို့ ရာထူးချကာလ (၂) နှစ် ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မေလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ မူလရာထူးဖြစ်သည့် လက်ထောက် ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) သို့ ပြန်လည် ခန့်ထားလိုက်သည်။

အမှတ် ၅၃ ။ ။ ဦးကျော်ဇေယျအား ရာထူးချထားသည့် အမိန့်ကြော်ငြာစာတွင် မူလရာထူးဖြစ်သည့် လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ ပြန်လည်ခန့်ထားသည့်အခါ ရာထူးချထားသည့် ကာလအတွင်း ရရန် ရှိသည့် နှစ်တိုးလစာများ ရွှေ့သွားစေခြင်း မရှိစေရဟု ဖော်ပြထားသဖြင့် ဦးကျော်ဇေယျအား လက်ထောက် ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တွင် လစာငွေကျပ် ၂၈၄၀၀၀/- ကို ထုတ်ယူခံစားစေလိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၊ စီမံ/ဘဏ္ဍာဌာနခွဲမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးအောင်ခင်မိုး အား အဆိုပါတက္ကသိုလ်၊ သင်တန်းရေးရာဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဌာနမှူး (သင်တန်းရေးရာ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၊ စီမံ/ဘဏ္ဍာဌာနခွဲမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဌာနခွဲမှူး (စီမံ) ဦးစောဟိန်း အား အဆိုပါ ဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒုတိယဌာနမှူး (စီမံ/ဘဏ္ဍာ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်စွဲပါ စာအမှတ်၊ (၈၅၄)/၃/ ၆-၅ (မြေယာ)/ အဖရ (ရခိုင်) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ပထရ /၂ -၃ (၉၅၈)/ထောက် ၂ ပါ အတည်ပြုချက်အရ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၃၃၀-ခ)၊ သဲတန်းကွင်းအတွင်းရှိ လယ်မြေဧရိယာ (၈. ၀၇၆) ဧကကို မြို့နယ်စစ်မှုထမ်းဟောင်း တန်ဖိုးနည်းအိမ်ရာအဖြစ် အသုံးပြုနိုင်ရန် လယ်ယာမြေအား အခြားနည်း အသုံးပြုခွင့် ရရှိထားပြီးဖြစ်၍ မင်းပြားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အစီအစဉ်ဖြင့် မြေနေရာများ ခွဲဝေချထားပြီး နေအိမ်များ ဆောက်လုပ်ထားခြင်းကြောင့် အဆိုပါ မြေနေရာအား မြေငှားဂရန် ချထားပေး နိုင်ရေးအတွက် မြေတိုင်းတာဆောင်ရွက်ခြင်း၊ စာရင်းမြေပုံ ထုတ်ခြင်း၊ မြေစာရင်းပုံစံ (၁၀၅) (၁၀၆) ရေးဆွဲခြင်း၊ မြေအမျိုးအစားအလိုက် အခြားနည်းအသုံးပြုခွင့်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေ နယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏

ပုဒ်မ (၂) အရ မင်းပြားမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး**အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မင်းပြားမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး**အား **နယ်နိမိတ် ကြပ်မတ်ရေးအရာရှိ** (Demarcation Officer) အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၃/၂၀၁၇) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ ပေါက်ခေါင်းမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ (နည်းပညာ) လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးမောင်မောင်ကြည် အား ၂၀၁၇ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

အမှတ် ၃၈ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၇) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ် အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၆၉/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ

လစာနှုန်း (၁၈၀,၀၀၀-၄,၀၀၀-၁၉၀,၀၀၀) အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၆) ဦးအား ယင်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသောရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဦးအောင်ကျော်မင်း | ဦးစီးအရာရှိ (မိုး/ဇလ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၂။ | ဒေါ်နွယ်မာလာအောင် | ဦးစီးအရာရှိ (မိုး/ဇလ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၃။ | ဦးငွေးလွင် | ဦးစီးအရာရှိ (မိုး/ဇလ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၄။ | ဒေါ်တင်တင်ချို | ဦးစီးအရာရှိ (မိုး/ဇလ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၅။ | ဒေါက်တာစိုးမြတ်မွန် | ဦးစီးအရာရှိ (မိုး/ဇလ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၆။ | ဦးအာပြာဟန် | ဦးစီးအရာရှိ (မိုး/ဇလ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

### ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေ ပုဒ်မ-၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ် (စုကလိမြို့နယ်ခွဲ) ရှိ မဲကလာကြိုးဝိုင်းအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၄) ဧကရှိမြေကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ (ဧက) |
|---|---|---|---|---|---|
| (က) | မဲကလာကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | ကရင်ပြည်နယ် | မြဝတီ | မြဝတီ (စုကလိမြို့နယ်ခွဲ) | ၄. ၀၀ |
| | **စုစုပေါင်း** | | | | **၄. ၀၀** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

**စုကလိမြို့၊ ဝါးမီးထကျေးရွာအနီးရှိ ဆေးရုံမြေ (၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ထီးဝါမီးချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (QT-439744) မှ အစပြု၍ အရှေ့စူးစူးသို့ (၁၆၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-441744) အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်စူးစူးသို့ နွေရာသီသွားလမ်းတစ်လျှောက် (၁၁၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-441743) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်စူးစူးသို့ (၁၆၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-439743) အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်စူးစူးသို့ (၁၁၈) ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (QT-439744) ရောက်သည်အထိ။

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ် (စုကလိမြို့နယ်ခွဲ)၊ မဲကလာကြိုးဝိုင်းမှ ဧရိယာ (၄) ဧကကို ဆုံဆည်းမြိုင်တိုက်နယ်ဆေးရုံမြေအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရေးအတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်း ဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၇)
## ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၇) အရ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ကြိုးဝိုင်းတော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ မဲကလာကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၈၈၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၇) အရ ဧရိယာအကျယ်အဝန်း (၈၄၃၉) ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အဆိုပါ မဲကလာကြိုးဝိုင်းအတွင်းမှ ဧရိယာ (၇၇. ၂၇) ဧကကို အိမ်မြေ (၅၀) နှင့်အထက် ပြည်ထဲရေးအမည်ပေါက် ဆုံဆည်းမြိုင်ကျေးရွာအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅၇/၂၀၁၃) ဖြင့် ပယ်ဖျက်ပေးခဲ့ပြီး ယခုဧရိယာ (၄) ဧကအား ဆုံဆည်းမြိုင်တိုက်နယ်ဆေးရုံမြေအဖြစ် လွှဲပြောင်းသတ်မှတ်နိုင်ရန် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် မဲကလာကြိုးဝိုင်းကို ကျန်ရှိဧရိယာ အကျယ်အဝန်း (၈၃၅၇) ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ **ပြင်ဆင်ဖွဲ့စည်းလိုက်သည့် ကြိုးဝိုင်းတောနယ်နိမိတ်များ**

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (QT-391800) မှအစပြု၍ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း (၂) မိုင် (၂) ဖာလုံခန့်လာရာ ထီးဝါကလေးချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (QT-426816) အထိ၊ ထိုမှ ထီးဝါကလေးချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ သောင်ရင်းမြစ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (QT-440824) အထိ။

အရှေ့ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (QT-440824) မှ တောင်ဘက်သို့ သောင်ရင်းမြစ်အတိုင်း (၄) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-445775) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁၄၆) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-444774) အထိ၊ ထိုမှ အနောက်ဘက်သို့ (၆၁၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-438773) အထိ၊ ထိုမှ အနောက်မြောက်

ဘက်သို့ (၅၁၄) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-436777) အထိ၊ ထိုမှ မြောက်ဘက်သို့ (၆၆၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-434784) အထိ၊ ထိုမှ မြောက်ဘက်သို့ (၄၁၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-435787) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁၂၂) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-433788) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၈၅၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-431780) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၇၈၂) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-433773) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁၂၇၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-440763) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၄၂၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-443765) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၄၀၀) ကိုက်ခန့်လာရာ သဲဒိုအိုင်ချောင်းနှင့်သောင်ရင်းမြစ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (QT-442761) အထိ၊ ထိုမှ အရှေ့ဘက်သို့ သောင်ရင်းမြစ်အတိုင်း (၁၂၀၀) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-451761) အထိ၊ ထိုမှ သောင်ရင်းမြစ်အတိုင်း တောင်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-450740) အထိ။

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (QT-450740) မှ အနောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-436737) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ထီးဝါးမဲချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (QT-415749) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြော အတိုင်း (၂) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-391721) အထိ။

အနောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (QT-391721) မှ မြောက်ဘက်သို့ ထီးဂေချောင်းနှင့် တီဂတိုချောင်း ရေဝေကြောတစ်လျှောက် (၂) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-379765) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ မဲကလာချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (QT-398780) အထိ၊ ထိုမှ မြောက်ဘက်သို့ မဲကလာချောင်းအတိုင်း (၂) မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (QT-391800) ရောက်သည်အထိ။

၃။ **ချန်လှပ်ကွက်နယ်နိမိတ်များ**

**စုကလိမြို့၊ ဝါးမီးထကျေးရွာအနီးရှိ ဆေးရုံမြေ (၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ။ ။ ထီးဝါမီးချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (QT-439744) မှ အစပြု၍ အရှေ့စူးစူးသို့ (၁၆၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-441744) အထိ။

အရှေ့ဘက် ။ ။ ထိုမှ တောင်စူးစူးသို့ နွေရာသီသွားလမ်းတစ်လျှောက် (၁၁၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-441743) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်စူးစူးသို့ (၁၆၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (QT-439743) အထိ။

အနောက်ဘက် ။ ။ ထိုမှ မြောက်စူးစူးသို့ (၁၁၈) ကိုက်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (QT-439744) ရောက်သည်အထိ။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများအား အချိန်ပြည့် ပူးတွဲထမ်းဆောင်နေသည့် မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး ဦးဝေမျိုးလှ အား ၂၀၁၇ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးသို့ စတင်၍ အတည်ပြုခန့်ထားခြင်းအစား ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၇)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၇) အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂွန်ရွှေဘာ အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးဆောင်ညွှန်ကြားရေးမှူး လစာနှုန်း (၅၀၀,၀၀၀/-) ရာထူးနေရာတွင် အတည်ပြုခန့်ထားလိုက်သည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာ (၁၀၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ လက်ထောက် အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးတိုက်ကြီး အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၁၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၀၉/၂၀၁၇)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာန၊ စမ်းသပ်ရေးနှင့်မီတာဌာနခွဲမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀- ၃၀၀,၀၀၀) တန်း၊ မန်နေဂျာ (အင်ဂျင်နီယာ) ဦးမြတ်ကျော် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လအား ၂၀၁၇ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဖေဇင်ထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၇ ကို ရည်ညွှန်းလျက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း [၆/မအရ (နိုင်) ၀၀၃၅၈၅] အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အား အရာထမ်းရာထူး (၂၁၇) နေရာ၊ အမှုထမ်း ရာထူး (၅၀၉) နေရာ၊ စုစုပေါင်းရာထူး (၇၂၆) နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အရာထမ်းရာထူး (၂၂၆) နေရာ၊ အမှုထမ်းရာထူး (၃၉၅) နေရာ၊ စုစုပေါင်းရာထူး (၆၂၁) နေရာ ထပ်မံတိုးချဲ့၍ အရာထမ်းရာထူး (၄၄၃) နေရာ၊ အမှုထမ်းရာထူး (၉၀၄) နေရာ၊ စုစုပေါင်းရာထူး (၁၃၄၇) နေရာဖြင့် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) အစီအစဉ် (၄) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ မုံရွာစီးပွားရေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်ခင်ထွေး အား အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်ပြီးနောက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် (၂၃၃) (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ (၁၃၁/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၇) အစီအစဉ် (၂၃) ၌ ဆုံးဖြတ်ချက်အရ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ နေပြည်တော်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးစိုးဝင်း အား အခြေခံပညာဦးစီးဌာန (ရုံးချုပ်) တွင် အလုပ်တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တွဲဖက်တာဝန်ထမ်းဆောင် ခွင့်ပြုလိုက်သည်။

၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၇) အစီအစဉ် (၂၃) ၌ ဆုံးဖြတ်ချက်အရ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးမျိုးဝင်းအောင် အား နေပြည်တော်တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ညွှန်ကြားရေးမှူးအဖြစ် အလုပ်တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ (၁၃၆/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) အစီအစဉ် (၇၆) ၌ သဘောတူညီချက်အရ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန၊ မြန်မာစာဌာနခွဲမှ အောက်ဖော်ပြပါ စာတည်း လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) များအား စာတည်းမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး |
|---|---|---|---|
| (၁) | ဦးအောင်စိုး | စာတည်း | စာတည်းမှူး |
| (၂) | ဒေါ်အေးအေး | စာတည်း | စာတည်းမှူး |

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၇) မှ သဘောတူညီချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်၊ တိုင်းရင်းဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး (အငြိမ်းစား) ဦးဝေဝင်း အား ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် လစဉ်ထောက်ပံ့ငွေ (၂၅၀,၀၀၀/-) ဖြင့် တစ်နှစ်တာဝန်ပေးခန့်ထားလိုက်သည်။

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

အမှတ် ၂၇ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၂/၂၀၁၇ အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ ဒုတိယပါမောက္ခချုပ် (သင်ကြား) ပါမောက္ခဒေါက်တာခင်ဇော် (ဆမ-၁၁၃၄၄) သည် ဆေးတက္ကသိုလ် (မကွေး) မှ ပါမောက္ခချုပ်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်စေလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသောအဆင့်အလိုက် ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအား လက်ရှိအခြေအနေအရ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် မူရင်းလစာ၏ ၂ ဆအား ထောက်ပံ့ငွေအနေဖြင့် ဆက်လက်၍ပြောင်းလဲ ပြင်ဆင် ခံစားခွင့်ပြုခြင်းနှင့် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမားများအားလုံး၏လုပ်အားခအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအတွက် တစ်ရက်လုပ်ခကျပ် ၆၅၀၀/- နှုန်းသို့ ဆက်လက်၍ ပြောင်းလဲပြင်ဆင်ခံစားခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အဆင့်အလိုက် ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက် မူရင်းလစာ၏ ၂ ဆအား အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၁၆) ဖြင့် ပြောင်းလဲပြင်ဆင်ခံစား ခွင့်ပြုခဲ့ပါသည်။

၂။ ထို့ပြင် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နေ့စားအလုပ်သမားများအားလုံး၏လုပ်ခကို လက်ရှိဖြစ်ပေါ်နေသော ဒေသဆိုင်ရာလုံခြုံရေးအခြေအနေအရ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက် တစ်ရက်လုပ်ခ ကျပ် ၆၅၀၀/- နှုန်းသို့ အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၁/၂၀၁၇ ဖြင့် ပြောင်းလဲပြင်ဆင်ခံစားခွင့်ပြုခဲ့ပါသည်။

၃။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၇) ၏ ကြိုတင်ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိမြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ အားလုံးကို လက်ရှိအခြေအနေအရ **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လတို့အတွက်** လက်ရှိ

ခံစားနေသော မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်၍ပြောင်းလဲပြင်ဆင်ခံစား ခွင့်ပြုလိုက်သည်။ ထို့ပြင် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင်တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စား အလုပ်သမားများအားလုံး၏လုပ်အားခအား လက်ရှိဖြစ်ပေါ်နေသော ဒေသဆိုင်ရာလုံခြုံရေးအခြေအနေအရ **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ တို့အတွက်** တစ်ရက်လုပ်ခ ကျပ် ၆၅၀၀/- နှုန်းသို့ ဆက်လက်၍ ပြောင်းလဲပြင်ဆင် ခံစားခွင့်ပြုလိုက်သည်။

၄။ အဆိုပါ ရခိုင်ပြည်နယ်မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား မူရင်းလစာ၏ ၂ ဆနှင့် နေ့စားအလုပ်သမားများ၏ နေ့စားလုပ်ခများပြောင်းလဲပြင်ဆင် ခံစားခွင့်ပြုနိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်း၌ ပိုလျှံရန်ပုံငွေရှိပါက ရန်ပုံငွေလွှဲပြောင်းသုံးစွဲကျခံရန်နှင့် ပိုလျှံရန်ပုံငွေမရှိပါက သက်ဆိုင်ရာ အထွေထွေပိုလျှံရန်ပုံငွေများမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲကျခံကြရန် ဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၇

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည့် ပင်ရင်းမှ ဝင်ငွေခွန်နုတ်ယူ ပေးသွင်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို ကိုယ်တိုင်စည်းကြပ်ပေးဆောင်စေခြင်း အခွန်စနစ်သစ်တွင် ပါဝင်ကြသည့် အခွန်ထမ်းကြီးများ၊ အလယ်အလတ်အခွန်ထမ်းများအနေဖြင့် အခွန်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက် များနှင့်အညီ လိုက်နာဆောင်ရွက်ကြသူများဖြစ်ပါသဖြင့်လည်းကောင်း၊ လုပ်ငန်းကြီးများဖြစ်ကြသည်နှင့် ပေးချေငွေအများအပြား ဆောင်ရွက်ကြလေ့ရှိရာ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် ဖြေလျှော့မှု ဆောင်ရွက်ပေးသင့်ကြောင်း သုံးသပ်ရရှိပါသဖြင့်လည်းကောင်း အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ ၏ အပိုဒ် ၆၊ အပိုဒ်ခွဲ (က) တို့ကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်သတ်မှတ်လိုက်သည် -

"(က) ငွေထုတ်ပေးရန်တာဝန်ရှိသူသည် -

(၁) အခွန်ထမ်းကိုယ်တိုင် ကျသင့်အခွန်ကို ကိုယ်တိုင်စည်းကြပ်ပေးဆောင်စေခြင်း အခွန် စနစ်သစ်တွင် ပါဝင်ကြသည့် အခွန်ထမ်းကြီးများ၊ အလယ်အလတ်အခွန်ထမ်းများ၏ လုပ်ငန်းကဖြစ်ပါက စုစုပေါင်း ပေးချေငွေကျပ် ၁၅ သိန်းအထိ အခွန်နုတ်ယူပေးသွင်းခြင်း မပြုရ၊ စုစုပေါင်း ပေးချေငွေသည် ကျပ် ၁၅ သိန်းထက် ကျော်လွန်ပါက ပေးချေငွေအားလုံး အပေါ်တွင် သက်ဆိုင်ရာ အခွန်နှုန်းဖြင့် နုတ်ယူပေးသွင်းရမည်။

(၂) အထက်အပိုဒ်ခွဲ (၁) ပါ လုပ်ငန်းများမှအပ ဖြစ်ပါက စုစုပေါင်းပေးချေငွေကျပ် ၅ သိန်းအထိ အခွန်နုတ်ယူပေးသွင်းခြင်းမပြုရ၊ စုစုပေါင်းပေးချေငွေသည် ကျပ် ၅ သိန်းထက် ကျော်လွန်ပါက ပေးချေငွေအားလုံးအပေါ်တွင် သက်ဆိုင်ရာအခွန်နှုန်းဖြင့် နုတ်ယူပေးသွင်းရမည်။"

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ-၂၇ (၁) (ခ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုသုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ မြေကွက်အမှတ် (၂/ခ၂)၊ ဧရိယာ (၀. ၁၀၈) ဧကရှိ အစိုးရမြေအား ရန်ကုန်အရှေ့ပိုင်းခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ရန်ကုန်အရှေ့ပိုင်းခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့်အသုံးမပြုရ၊

(ခ) မြေကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အသုံးပြုရန်မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီး ဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆ သဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။

**၂။ လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | သဃ်န်းကျွန်း | ၄၄ | ၂/ခ၂ | ၀ | ၁၀၈ | |
| **စုစုပေါင်း** | | | | **၀** | **၁၀၈** | |

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - မြေကွက်အမှတ် (၂/ဏ)

အနောက်လားသော် - မြေကွက်အမှတ် (၂/ခ၇)

တောင်လားသော် - လမ်း

မြောက်လားသော် - မြေကွက်အမှတ် (၂/ခ၁)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၆) အရ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄၄)၊ မြေကွက်အမှတ် (၂/ခ၂) ဧရိယာ (၀. ၁၀၈) ဧကရှိ အစိုးရမြေအား ရန်ကုန်အရှေ့ပိုင်းခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ-၂၇ (၁) (ခ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၄) (ရှုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၅၀)၊ ဧရိယာ (၀.၅၀၇) ဧကရှိ အစိုးရမြေအား လှိုင်သာယာမြို့နယ်ရုံးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လှိုင်သာယာမြို့နယ်ရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ၊

(ခ) မြေကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသုံးပြုရန်မလိုအပ်သည့် အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှပြန်လည် သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | လှိုင်သာယာ | သကမ-၁၄ (ရှုံးပေါင်းစုံ) | ၅၀ | ၀ | ၅၀၇ | |
| **စုစုပေါင်း** | | | | **၀** | **၅၀၇** | |

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - လမ်း

အနောက်လားသော် - မြေကွက်အမှတ် (၄၉)

တောင်လားသော် - ညောင်တုန်းလမ်း

မြောက်လားသော် - မြေကွက်အမှတ် (၅၁)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၆) အရ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (သကမ-၁၄) (ရှုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၅၀) ဧရိယာ (၀.၅၀၇) ဧကရှိ အစိုးရမြေအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၁၇)

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ-၂၇ (၁) (ခ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၄) (ရှုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၄၀)၊ ဧရိယာ

(၀. ၅၀၇) ဧကရှိ အစိုးရမြေအား ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးအတွက်သာ အသုံးပြုရန်နှင့်အခြားနည်းဖြင့်အသုံးမပြုရ၊

(ခ) မြေကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသုံးပြုရန်မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှပြန်လည် သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

## ၂။ လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | မြေကွက်အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | သကမ-၁၄ (ရုံးပေါင်းစုံ) | ၄၀ | ၀ | ၅၀၇ | |
| **စုစုပေါင်း** | | | | **၀** | **၅၀၇** | |

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - မြေကွက်အမှတ် (၄၃)

အနောက်လားသော် - လမ်း

တောင်လားသော် - မြေကွက်အမှတ် (၄၁)

မြောက်လားသော် - လမ်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၆) အရ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၄) (ရုံးပေါင်းစုံ)၊ မြေကွက်အမှတ် (၄၀) ဧရိယာ (၀. ၅၀၇) ဧကရှိ အစိုးရမြေအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၇)

## မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ-၂၇ (၁) (ခ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၈)၊ မြေကွက်အမှတ် (၅၅၅)၊ ဧရိယာ (၀. ၅၂၇) ဧကရှိ အစိုးရမြေအား စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ လှိုင်သာယာမြို့နယ် စီမံကိန်းဦးစီးရုံးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အောက်ပါစည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ လှိုင်သာယာမြို့နယ် စီမံကိန်းဦးစီးရုံးအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့်အသုံးမပြုရ၊

(ခ) မြေကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အသုံးပြုရန် မလိုအပ်သည့်အခါ ထိုမြေကို ဤဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရမှ ပြန်လည်သိမ်းယူမည်။

(ဂ) မြေကိုအသုံးပြုရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဤဝန်ကြီးဌာနတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုအစိုးရသို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့်မြေ၏ အကြောင်းအရာဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်းရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | လှိုင်သာယာ | သကမ-၈ (ရုံးပေါင်းစုံ) | ၅၅၅ | ၀ | ၅၂၇ | |
| **စုစုပေါင်း** | | | | **၀** | **၅၂၇** | |

၃။ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - မြေကွက်အမှတ် (၅၇၆)

အနောက်လားသော် - မြေကွက်အမှတ် (၅၅၃)

တောင်လားသော် - လမ်း

မြောက်လားသော် - မြေကွက်အမှတ် (၅၅၆)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၆) အရ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၈)၊ မြေကွက်အမှတ် (၅၅၅) ဧရိယာ (၀. ၅၂၇) ဧကရှိ အစိုးရမြေအား စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ လှိုင်သာယာမြို့နယ် စီမံကိန်းဦးစီးရုံးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

အမှတ် ၁၆ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ၎င်းနှင့် ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးခင်ဇော်<br>ဒုတိယညွှန်ကြားရေးမှူး<br>မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး<br>ဦးစီးဌာန | ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်<br>ရွှေတောင်ကြားလမ်း၊ အမှတ် (၁၉)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀ ဘီ)၊<br>မြေကွက်အမှတ်-၈L<br>တစ်စိတ်တစ်ဒေသ၊ ဧရိယာ (၀. ၄၃၄) ဧကပေါ်ရှိ အဆောက်အဦ |

အခွင့်အာဏာ။ [၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၆) အရ]

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

အမှတ် ၁၇ ။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ နပတ/(မြို့ ရာ)/စီမံ (ဥပဒေ)/၂၀၁၇ (၀၀၃) ဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအား ဤစာဖြင့်လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇) ဆုံးဖြတ်ချက်အရ]

(ပုံ) ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ"** တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးအား ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်အား ယခင်က ဒုတိယဥက္ကဋ္ဌအဖြစ်မှ ယခုအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာနတို့အား အဖွဲ့ဝင်အဖြစ် လည်းကောင်း ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
စိုးအောင်
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) မှ သဘောတူခွင့်ပြုချက်နှင့် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၂၉/၂၀၁၇) တို့ အရ ပညာရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ကထိက (၃) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ကွပ်ကဲမှု အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၌ လစ်လပ်လျက်ရှိသည့် ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ လစာနှုန်းတူ ကထိကရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း/ဌာန | ခန့်ထားမည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|---|
| (၁) | ဒေါ်ပွင့်မာအောင် | ကထိက<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>အင်္ဂလိပ်စာဌာန၊<br>နည်းပညာတက္ကသိုလ် (မှော်ဘီ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန။ | ကထိက<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>အင်္ဂလိပ်စာဌာန၊<br>ပြည်သူ့ဝန်ထမ်းအကယ်ဒမီ<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)။ |

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း/ဌာန | ခန့်ထားမည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|---|
| (၂) | ဒေါ်စန်းစန်းမြင့် | ကထိက (စာပေ-မြန်မာစာ) (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဌာန၊ မြစ်ကြီးနားပညာရေးကောလိပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။ | ကထိက (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လူမှုရေးသိပ္ပံပညာဌာန၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ ဇဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)။ |
| (၃) | ဦးသက်ဦး | ကထိက (စာပေ-ပထဝီဝင်) (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဌာန၊ မြစ်ကြီးနားပညာရေးကောလိပ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။ | ကထိက (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) နိုင်ငံရေးသိပ္ပံပညာဌာန၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၊ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)။ |

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၇)

ရန်ကုန်မြို့၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဗဟိုပစ္စည်းထိန်းဌာနမှ လက်ထောက်ဌာနမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၅၀၄ ဒေါ်ဝင်းမြင့်မာလာ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီးနောက်တစ်နေ့ဖြစ်သော ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန၊ မြောက်ပိုင်းခရိုင်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ဌာနမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၇၁၅ ဦးသန်းထွန်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီးနောက်တစ်နေ့ ဖြစ်သော ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ(မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ဒေသန္တရစီမံကိန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ဒေသန္တရစီမံကိန်းဥပဒေ** ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်မောင်ထွန်း<br>လွှတ်တော်ဥက္ကဋ္ဌ<br>ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ**

**( ၂၀၁၇ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။ )**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

**နိဒါန်း**

ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ဒေသန္တရစီမံကိန်းများ စနစ်တကျအကောင်အထည်ဖော်ရန်အလို့ငှာ တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။　(က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် **ရန်ကုန်တိုင်းဒေသကြီး၏ဒေသန္တရစီမံကိန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိပြည်သူအားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ကာလအတွင်း မည်ရွေ့မည်မျှတိုးတက်ရမည် ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။ ယင်းစကားရပ်တွင် စီမံကိန်းများ၌ ဒေသန္တရဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ် စီမံကိန်းများ၊ ဒေသန္တရစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူး စီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသောစက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

( ခ ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ တိုင်းဒေသကြီး၏စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ကာလအတွင်း မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များကို ဆိုသည်။

( ဂ ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းကို ဆိုသည်။

( ဃ ) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းကို ဆိုသည်။

( င ) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းကို ဆိုသည်။

( စ ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၃။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၈. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

( ခ ) ပုံမှန်စျေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၀. ၀၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၄. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၀. ၉ ရာခိုင်နှုန်း လျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၃. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၅. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၉. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၆. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်။

( ဂ ) စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၅. ၄ ရာခိုင်နှုန်းမှ ၄. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၆. ၉ ရာခိုင်နှုန်းမှ ၄၇. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၄၇. ၇ ရာခိုင်နှုန်းမှ ၄၇. ၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

( ဃ ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၂,၄၈၃,၆၆၉ မှ ကျပ် ၂,၈၂၁,၂၈၀ သို့ ဖြစ်ပေါ်လာရန်။

## အခန်း (၃)
## အထွေထွေ

၄။ တိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ရမည်။ ယင်းသို့အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်နိုင်သည်။

၆။ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။

၇။ တိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထား ဆောင်ရွက်ရမည်။

၈။ တိုင်းဒေသကြီးအစိုးရနှင့်သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက် ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၉။ ဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသောစီမံကိန်းများ ပါဝင်ရမည်။

၁၀။ တိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသည် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်း များကို နှစ်အလိုက်လွှဲပြောင်းပေးမည့်စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင် ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၂။ တိုင်းဒေသကြီးအစိုးရနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများနှင့်ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

**ပူးတွဲ-၁**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၈၀၈,၇၉၉. ၁** | **၅. ၆** | **၁. ၂** | **၈၂၆,၇၃၃. ၅** | **၅. ၃** | **၂. ၂** |
| | ၁ | လယ်ယာ | ၃၅၆,၂၄၉. ၃ | ၂. ၅ | -၁. ၄ | ၃၅၆,၃၃၆. ၄ | ၂. ၃ | ၀. ၀၃ |
| | ၂ | သားငါး | ၄၅၁,၃၂၆. ၉ | ၃. ၁ | ၃. ၃ | ၄၆၉,၁၅၅. ၅ | ၃. ၀ | ၄. ၀ |
| | ၃ | သစ်တော | ၁,၂၂၂. ၉ | ၀. ၀၁ | -၆. ၉ | ၁,၂၁၁. ၆ | ၀. ၀၁ | -၀. ၉ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၆,၄၈၀,၃၂၂. ၇** | **၄၄. ၉** | **၇. ၉** | **၇,၁၃၆,၈၇၉. ၉** | **၄၅. ၆** | **၁၀. ၁** |
| | ၁ | စွမ်းအင် | ၁,၄၈၉. ၃ | ၀. ၀၁ | -၄၉. ၅ | ၁,၅၃၆. ၅ | ၀. ၀၁ | ၃. ၂ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၃,၉၆၀. ၀ | ၀. ၀၃ | ၂. ၆ | ၄,၁၈၅. ၄ | ၀. ၀၃ | ၅. ၇ |
| | ၃ | စက်မှုလက်မှု | ၅,၆၀၂,၄၁၀. ၃ | ၃၈. ၈ | ၈. ၅ | ၆,၂၁၁,၆၀၈. ၃ | ၃၉. ၇ | ၁၀. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၆၆,၇၉၂. ၅ | ၁. ၂ | ၁၆. ၈ | ၁၈၂,၀၅၇. ၁ | ၁. ၂ | ၉. ၂ |
| | ၅ | ဆောက်လုပ်မှု | ၇၀၅,၆၇၀. ၆ | ၄. ၉ | ၁. ၈ | ၇၃၇,၄၉၂. ၆ | ၄. ၇ | ၄. ၅ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၇,၁၄၄,၂၆၃. ၈** | **၄၉. ၅** | **၈. ၂** | **၇,၆၉၀,၀၉၅. ၀** | **၄၉. ၁** | **၇. ၆** |
| | ၁ | ပို့ဆောင်ရေး | ၂,၁၃၄,၆၇၅. ၀ | ၁၄. ၈ | ၈. ၂ | ၂,၃၂၅,၀၈၇. ၄ | ၁၄. ၈ | ၈. ၉ |
| | ၂ | ဆက်သွယ်ရေး | ၈၇၃,၃၁၈. ၆ | ၆. ၀ | ၇. ၇ | ၉၁၇,၆၄၀. ၉ | ၅. ၉ | ၅. ၁ |
| | ၃ | ငွေရေးကြေးရေး | ၁၃၁,၂၇၀. ၆ | ၀. ၉ | ၃၁. ၇ | ၁၄၂,၄၁၅. ၇ | ၀. ၉ | ၈. ၅ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃၅၄,၆၈၉. ၃ | ၂. ၅ | ၄. ၄ | ၃၇၀,၆၃၉. ၃ | ၂. ၄ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂၉၀,၉၃၁. ၆ | ၂. ၀ | ၂၃. ၃ | ၃၃၉,၇၇၆. ၅ | ၂. ၂ | ၁၆. ၈ |
| | ၆ | ကုန်သွယ်မှု | ၃,၃၅၉,၃၇၈. ၇ | ၂၃. ၃ | ၆. ၈ | **၃,၅၉၄,၅၃၅. ၂** | **၂၂. ၉** | **၇. ၀** |
| **၄** | | **စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၄,၄၃၃,၃၈၅. ၆** | **၁၀၀. ၀** | **၇. ၇** | **၁၅,၆၅၃,၇၀၈. ၄** | **၁၀၀. ၀** | **၈. ၅** |

ပူးတွဲ-၂

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၇,၂၈၉,၁၂၁. ၈** | **၅၀. ၅** | **၇. ၁** | **၇,၉၆၃,၆၁၃. ၄** | **၅၀. ၉** | **၉. ၃** |
| | ၁ | လယ်ယာ | ၃၅၆,၂၄၉. ၃ | ၂. ၅ | -၁. ၄ | ၃၅၆,၃၃၆. ၄ | ၂. ၃ | ၀. ၀၃ |
| | ၂ | သားငါး | ၄၅၁,၃၂၆. ၉ | ၃. ၁ | ၃. ၃ | ၄၆၉,၁၅၅. ၅ | ၃. ၀ | ၄. ၀ |
| | ၃ | သစ်တော | ၁,၂၂၂. ၉ | ၀. ၀၁ | -၆. ၉ | ၁,၂၁၁. ၆ | ၀. ၀၁ | -၀. ၉ |
| | ၄ | စွမ်းအင် | ၁,၄၈၉. ၃ | ၀. ၀၁ | -၄၉. ၅ | ၁,၅၃၆. ၅ | ၀. ၀၁ | ၃. ၂ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၃,၉၆၀. ၀ | ၀. ၀၃ | ၂. ၆ | ၄,၁၈၅. ၄ | ၀. ၀၃ | ၅. ၇ |
| | ၆ | စက်မှုလက်မှု | ၅,၆၀၂,၄၁၀. ၃ | ၃၈. ၈ | ၈. ၅ | ၆,၂၁၁,၆၀၈. ၃ | ၃၉. ၇ | ၁၀. ၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၆၆,၇၉၂. ၅ | ၁. ၂ | ၁၆. ၈ | ၁၈၂,၀၅၇. ၁ | ၁. ၂ | ၉. ၂ |
| | ၈ | ဆောက်လုပ်မှု | ၇၀၅,၆၇၀. ၆ | ၄. ၉ | ၁. ၈ | ၇၃၇,၄၉၂. ၆ | ၄. ၇ | ၄. ၅ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၃,၇၈၄,၈၈၅. ၁** | **၂၆. ၂** | **၉. ၄** | **၄,၀၉၅,၅၅၉. ၈** | **၂၆. ၂** | **၈. ၂** |
| | ၁ | ပို့ဆောင်ရေး | ၂,၁၃၄,၆၇၅. ၀ | ၁၄. ၈ | ၈. ၂ | ၂,၃၂၅,၀၈၇. ၄ | ၁၄. ၈ | ၈. ၉ |
| | ၂ | ဆက်သွယ်ရေး | ၈၇၃,၃၁၈. ၆ | ၆. ၀ | ၇. ၇ | ၉၁၇,၆၄၀. ၉ | ၅. ၉ | ၅. ၁ |
| | ၃ | ငွေရေးကြေးရေး | ၁၃၁,၂၇၀. ၆ | ၀. ၉ | ၃၁. ၇ | ၁၄၂,၄၁၅. ၇ | ၀. ၉ | ၈. ၅ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃၅၄,၆၈၉. ၃ | ၂. ၅ | ၄. ၄ | ၃၇၀,၆၃၉. ၃ | ၂. ၄ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂၉၀,၉၃၁. ၆ | ၂. ၀ | ၂၃. ၃ | ၃၃၉,၇၇၆. ၅ | ၂. ၂ | ၁၆. ၈ |
| **၃** | | ကုန်သွယ်မှုတန်ဖိုး | ၃,၃၅၉,၃၇၈. ၇ | ၂၃. ၃ | ၆. ၈ | **၃,၅၉၄,၅၃၅. ၂** | **၂၂. ၉** | **၇. ၀** |
| **၄** | | **စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၄,၄၃၃,၃၈၅. ၆** | **၁၀၀. ၀** | **၇. ၇** | **၁၅,၆၅၃,၇၀၈. ၄** | **၁၀၀. ၀** | **၈. ၅** |

ပူးတွဲ-၃

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁,၀၃၆,၁၃၉. ၄** | **၅. ၄** | **၉. ၈** | **၁,၀၉၅,၈၅၃. ၇** | **၄. ၉** | **၅. ၈** |
| | ၁ | လယ်ယာ | ၄၁၈,၀၇၀. ၂ | ၂. ၂ | ၂. ၅ | ၄၃၁,၀၀၆. ၄ | ၁. ၉ | ၃. ၁ |
| | ၂ | သားငါး | ၆၁၆,၆၈၁. ၂ | ၃. ၂ | ၁၅. ၄ | ၆၆၃,၃၄၉. ၂ | ၃. ၀ | ၇. ၆ |
| | ၃ | သစ်တော | ၁,၃၈၈. ၀ | ၀. ၀၁ | -၈. ၇ | ၁,၄၉၈. ၁ | ၀. ၀၁ | ၇. ၉ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၉,၀၄၀,၂၂၂. ၁** | **၄၆. ၉** | **၁၈. ၄** | **၁၀,၇၁၁,၄၆၅. ၁** | **၄၇. ၈** | **၁၈. ၅** |
| | ၁ | စွမ်းအင် | ၁,၆၈၂. ၃ | ၀. ၀၁ | -၄၃. ၀ | ၂,၁၂၈. ၃ | ၀. ၀၁ | ၂၆. ၅ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၅,၁၀၃. ၆ | ၀. ၀၃ | -၁. ၈ | ၆,၀၁၇. ၇ | ၀. ၀၃ | ၁၇. ၉ |
| | ၃ | စက်မှုလက်မှု | ၇,၆၁၄,၇၁၃. ၃ | ၃၉. ၅ | ၁၉. ၈ | ၉,၁၁၂,၀၆၀. ၇ | ၄၀. ၇ | ၁၉. ၇ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၃၀၇,၅၉၅. ၈ | ၁. ၆ | ၁၄. ၂ | ၃၃၅,၉၆၅. ၄ | ၁. ၅ | ၉. ၂ |
| | ၅ | ဆောက်လုပ်မှု | ၁,၁၁၁,၁၂၇. ၁ | ၅. ၈ | ၁၀. ၉ | ၁,၂၅၅,၂၉၃. ၀ | ၅. ၆ | ၁၃. ၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၉,၂၀၆,၈၄၀. ၈** | **၄၇. ၇** | **၁၆. ၁** | **၁၀,၅၉၃,၆၄၅. ၃** | **၄၇. ၃** | **၁၅. ၁** |
| | ၁ | ပို့ဆောင်ရေး | ၂,၆၇၁,၉၂၅. ၉ | ၁၃. ၉ | ၁၂. ၉ | ၃,၀၂၅,၅၆၆. ၁ | ၁၃. ၅ | ၁၃. ၂ |
| | ၂ | ဆက်သွယ်ရေး | ၄၅၃,၄၄၇. ၀ | ၂. ၃ | ၁၀. ၉ | ၄၈၃,၀၆၈. ၃ | ၂. ၂ | ၆. ၅ |
| | ၃ | ငွေရေးကြေးရေး | ၁၀၁,၇၂၀. ၇ | ၀. ၅ | ၃၁. ၇ | ၁၁၀,၃၅၆. ၉ | ၀. ၅ | ၈. ၅ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၆၆၇,၉၁၂. ၂ | ၃. ၅ | ၄. ၅ | ၆၉၈,၀၃၂. ၆ | ၃. ၁ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၄၁၆,၂၀၄. ၆ | ၂. ၂ | ၃၅. ၅ | ၅၂၄,၉၄၁. ၁ | ၂. ၃ | ၂၆. ၁ |
| | ၆ | ကုန်သွယ်မှု | ၄,၈၉၅,၆၃၀. ၄ | ၂၅. ၃ | ၁၈. ၆ | **၅,၇၅၁,၆၈၀. ၃** | **၂၅. ၇** | **၁၇. ၅** |
| **၄** | | **စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၉,၂၈၃,၂၀၂. ၃** | **၁၀၀. ၀** | **၁၆. ၈** | **၂၂,၄၀၀,၉၆၄. ၁** | **၁၀၀. ၀** | **၁၆. ၂** |

**ပူးတွဲ-၄**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (စီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၀,၀၇၆,၃၆၁. ၅** | **၅၂. ၃** | **၁၇. ၅** | **၁၁,၈၀၇,၃၁၈. ၈** | **၅၂. ၇** | **၁၇. ၂** |
| | ၁ | လယ်ယာ | ၄၁၈,၀၇၀. ၂ | ၂. ၂ | ၂. ၅ | ၄၃၁,၀၀၆. ၄ | ၁. ၉ | ၃. ၁ |
| | ၂ | သားငါး | ၆၁၆,၆၈၁. ၂ | ၃. ၂ | ၁၅. ၄ | ၆၆၃,၃၄၉. ၂ | ၃. ၀ | ၇. ၆ |
| | ၃ | သစ်တော | ၁,၃၈၈. ၀ | ၀. ၀၁ | -၈. ၇ | ၁,၄၉၈. ၁ | ၀. ၀၁ | ၇. ၉ |
| | ၄ | စွမ်းအင် | ၁,၆၈၂. ၃ | ၀. ၀၁ | -၄၃. ၁ | ၂,၁၂၈. ၃ | ၀. ၀၁ | ၂၆. ၅ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၅,၁၀၃. ၆ | ၀. ၀၃ | -၁. ၈ | ၆,၀၁၇. ၇ | ၀. ၀၃ | ၁၇. ၉ |
| | ၆ | စက်မှုလက်မှု | ၇,၆၁၄,၇၁၃. ၃ | ၃၉. ၅ | ၁၉. ၈ | ၉,၁၁၂,၀၆၀. ၇ | ၄၀. ၇ | ၁၉. ၇ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃၀၇,၅၉၅. ၈ | ၁. ၆ | ၁၄. ၂ | ၃၃၅,၉၆၅. ၄ | ၁. ၅ | ၉. ၂ |
| | ၈ | ဆောက်လုပ်မှု | ၁,၁၁၁,၁၂၇. ၁ | ၅. ၈ | ၁၀. ၉ | ၁,၂၅၅,၂၉၃. ၀ | ၅. ၆ | ၁၃. ၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၄,၃၁၁,၂၁၀. ၄** | **၂၂. ၄** | **၁၃. ၅** | **၄,၈၄၁,၉၆၅. ၀** | **၂၁. ၆** | **၁၂. ၃** |
| | ၁ | ပို့ဆောင်ရေး | ၂,၆၇၁,၉၂၅. ၉ | ၁၃. ၉ | ၁၂. ၉ | ၃,၀၂၅,၅၆၆. ၁ | ၁၃. ၅ | ၁၃. ၂ |
| | ၂ | ဆက်သွယ်ရေး | ၄၅၃,၄၄၇. ၀ | ၂. ၃ | ၁၀. ၉ | ၄၈၃,၀၆၈. ၃ | ၂. ၂ | ၆. ၅ |
| | ၃ | ငွေရေးကြေးရေး | ၁၀၁,၇၂၀. ၇ | ၀. ၅ | ၃၁. ၇ | ၁၁၀,၃၅၆. ၉ | ၀. ၅ | ၈. ၅ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၆၆၇,၉၁၂. ၂ | ၃. ၅ | ၄. ၅ | ၆၉၈,၀၃၂. ၆ | ၃. ၁ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၄၁၆,၂၀၄. ၆ | ၂. ၂ | ၃၅. ၅ | ၅၂၄,၉၄၁. ၁ | ၂. ၃ | ၂၆. ၁ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၄,၈၉၅,၆၃၀. ၄ | ၂၅. ၃ | ၁၈. ၆ | **၅,၇၅၁,၆၈၀. ၃** | **၂၅. ၇** | **၁၇. ၅** |
| **၄** | | **စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၉,၂၈၃,၂၀၂. ၃** | **၁၀၀. ၀** | **၁၆. ၈** | **၂၂,၄၀၀,၉၆၄. ၁** | **၁၀၀. ၀** | **၁၆. ၂** |

## နိဒါန်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍကြီးအနေဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စက်မှုကဏ္ဍကြီးအနေဖြင့် စွမ်းအင်ကဏ္ဍ၊သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍကြီးအနေဖြင့် ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ စသည့်ကဏ္ဍ (၁၄) ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

## တိုင်းဒေသကြီး၏မူဝါဒ

၂။ နိုင်ငံတော်မှချမှတ်ထားသောမူဝါဒများနှင့် တည်ဆဲလုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့်မူဝါဒများနှင့်ပေါင်းစပ်၍လည်းကောင်း၊ ဆက်စပ်လျက်ရှိသော ဝန်ကြီးဌာနများ၏မူဝါဒများနှင့်ချိန်ညှိ၍ အောက်ပါအတိုင်း ရေးဆွဲဖော်ပြအပ်ပါသည် -

(က) နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေးမူဝါဒ (၁၂) ရပ်နှင့်အညီ တိုင်းဒေသကြီးအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ရန်၊

(ခ) အုပ်ချုပ်မှုကောင်းမွန်ရေးနှင့် အခြေခံအဆောက်အအုံများပြည့်စုံကာ တည်ငြိမ်အေးချမ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်ရန်။

## တိုင်းဒေသကြီး၏ ရည်မှန်းချက်

၃။ တိုင်းဒေသကြီး၏မူဝါဒများနှင့်အညီ ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ရည်ရွယ်ချက်များချမှတ်ရာတွင် မူဝါဒများအပြင် နိုင်ငံတော်၏နှစ်အလိုက်ဦးစားပေးကဏ္ဍများ၊ ဦးစားပေး ဒေသများ၊ ဦးစားပေးအကြောင်းအရာများနှင့်ချိန်ညှိ၍ နှစ်အလိုက်ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ရည်မှန်းချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊

(ခ) သန့်ရှင်းသည့်ရေ စဉ်ဆက်မပြတ်ရရှိရေး၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး၊

(ဃ) ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု အကျပ်အတည်းကို လျင်မြန်စွာလျှော့ချနိုင်ရေး၊

(င) မြို့ပြ-ကျေးလက်ကွန်ရက်ဆက်သွယ်ရေး ပိုမိုကောင်းမွန်ရေး၊

(စ) ကုန်သွယ်ရေးနှင့်ကုန်စည်ပို့ဆောင်မှု လွယ်ကူလျင်မြန်စေရေး၊

(ဆ) မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း (၃၃) မြို့နယ်နှင့် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပ (၁၂) မြို့နယ် ဟန်ချက်ညီညီ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(ဇ) စက်မှုဇုန်များနှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဈ) ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုစနစ် ပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်ကောင်းမွန်စေရေး။

## လုပ်ငန်းစဉ်များ

၄။ ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အရအသုံးခန့်မှန်းခြေစာရင်းများနှင့်ကိုက်ညှိ၍ Plan to Budgeting နည်းစနစ်ဖြင့် ပြုစုတင်ပြအပ်ပါသည်။ ဌာနများ၏ လုပ်ငန်းစဉ်များမှာ -

### တိုင်းဒေသကြီးလွှတ်တော်

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂) ပါ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆောင်ရွက်ရန်၊

( ခ ) လွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့်နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများထုတ်ပြန်ခွင့်ကို အပ်နှင်းရေးဆောင်ရွက်ရန်၊

( ဂ ) သက်ဆိုင်ရာအဖွဲ့အစည်း (သို့မဟုတ်) အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်ခွင့်ကို အပ်နှင်းရေးဆောင်ရွက်ရန်၊

(ဃ) အထက်ပါထုတ်ပြန်ခွင့်ရှိသည့်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်ရာတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်အဖွဲ့အစည်းများ (သို့မဟုတ်) အာဏာပိုင်များသည် ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း လွှတ်တော်သို့ပေးပို့နိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

**တိုင်းဒေသကြီးတရားလွှတ်တော်**

(က) ရွှေ့ပြေးတရားရုံး၏လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးကို အထူးအလေးထားဆောင်ရွက်ရန်၊

( ခ ) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏မှုခင်းဆိုင်ရာ သတင်းအချက်အလက်စနစ်ကို အဆင့်မြှင့်တင်ရန်၊

( ဂ ) တရားသူကြီးများနှင့်တရားရုံးဝန်ထမ်းများအား သတင်းအချက်အလက်နှင့်နည်းပညာသင်တန်းများ ပို့ချရန်၊

(ဃ) တရားစီရင်ရေးဆိုင်ရာကျင့်ဝတ်နှင့်ဆိုင်သည့်ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**တိုင်းဒေသကြီးဥပဒေချုပ်ရုံး**

(က) ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် ခရိုင်ဥပဒေရုံး၊ မြို့နယ်ဥပဒေရုံးများအနေဖြင့် တရားစွဲ အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းတစ်ခုခုက ဥပဒေအကြံဉာဏ်တောင်းလာပါက ဥပဒေ အကြံဉာဏ်ပေးခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုတင်ပို့ခြင်း၊ ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှု များတွင် နိုင်ငံတော်ဘက်မှလိုက်ပါဆောင်ရွက်ခြင်းတို့ကို စနစ်တကျအချိန်မီ ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သောစာရွက်စာတမ်းများ၊ ပစ္စည်းကိရိယာများအား ဖြည့်ဆည်း ဆောင်ရွက်ပေးရန်၊

( ခ ) ရန်ကုန်တိုင်းဒေသကြီးသို့ လုပ်ငန်းတာဝန်ဖြင့် ရောက်ရှိလာသောအရေးကြီးပုဂ္ဂိုလ်များ၊ အဆင့်မြင့် အရာရှိကြီးများ ခေတ္တတည်းခိုနေထိုင်ရန်နှင့် ဥပဒေအရာရှိများအား အရည်အသွေးမြှင့်တင်ရေး သင်တန်းပို့ချနိုင်ရေးအတွက် လမ်း (၃၀) ရှိအဆောက်အဦအား အကြီးစားပြင်ဆင်ရန်၊ မြေနေရာ ရရှိပြီးသောနေရာများတွင် ဌာနပိုင်ဥပဒေရုံး၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်။

**တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**

(က) ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏မူဝါဒ၊ လုပ်ငန်းစဉ်များ အောက်တွင် လိုက်နာဆောင်ရွက်ပြီး ဌာနများ၏ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများစစ်ဆေးရန် နှစ်ပတ်လည်စစ်ဆေးရေးစီမံချက်ရေးဆွဲရန်၊ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများ လက်ခံရရှိသည့်အခါ စာရင်းစစ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးလပတ်အလိုက်စစ်ဆေးရေး စီမံချက်များရေးဆွဲရန်၊ အသေးစိတ်စစ်ဆေးရေးအစီအစဉ်များရေးဆွဲရန်၊ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရန်၊ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာမူကြမ်းရေးသားခြင်းနှင့် စိစစ်ခြင်း၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူ များကို ဖိတ်ခေါ်၍ စစ်ဆေးရေးလုပ်ငန်းအပြီးသတ်အတည်ပြုဆောင်ရွက်ရန်၊ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (မူချော) ထုတ်ပြန်ရန်နှင့် အဖွဲ့အစည်း၏ လိုက်နာဆောင်ရွက်မှုပြန်ကြားချက်များကို စိစစ်တင်ပြရန်တို့အား ပုံမှန်စစ်ဆေးရေးလုပ်ငန်း အဆင့်ဆင့်အဖြစ် ဆောင်ရွက်ရန်၊

( ခ ) တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဌာနများ၏ တွေ့ရှိချက်များကို ဝန်ကြီးချုပ်မှတစ်ဆင့် တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြရန်။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ခံ၍လည်းကောင်း၊ တရားရေးနှင့်သက်ဆိုင်သည့်ကိစ္စများ၊ အုပ်ချုပ်ရေးနှင့်သက်ဆိုင်သည့်ကိစ္စများ ဆောင်ရွက်ရန်၊

( ခ ) အခွန်ကောက်ဆိုင်ရာကိစ္စရပ်များ၊ အသင်းအဖွဲ့နှင့်သက်ဆိုင်သည့်ကိစ္စရပ်များ စသည်များအား အထက်အဖွဲ့အစည်းများမှ ချမှတ်သည့်လုပ်ငန်းလမ်းညွှန်ချက်များအတိုင်းဆောင်ရွက်ရန်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

(က) စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနှင့် တရားရုံးအမှု လိုက်ပါခြင်းများ ဆောင်ရွက်ရန်၊

( ခ ) သတင်းထောက်လှမ်း စုဆောင်းတင်ပြခြင်းနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ခြင်းများလုပ်ဆောင်ရန်။

**မီးသတ်ဦးစီးဌာန**

(က) မီးသတ်တပ်ဖွဲ့၏ အဓိကတာဝန်ကြီး (၅) ရပ်မှ မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် အဓိကအားဖြင့် မီးလောင်မှုဖြစ်ပွားပါက မီးသတ်တပ်ဖွဲ့မှ မြန်မြန်သိ၊ မီးလောင်ပြင်သို့ မြန်မြန်သွား၊ မီးကို မြန်မြန် ငြိမ်းသတ်နိုင်ရေးအတွက် အစီအမံများကို ပြုလုပ်ဆောင်ရွက်ထားရှိရန်၊

( ခ ) မီးလောင်မှုကို **မြန်မြန်သိ**နိုင်ရေးအတွက် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေးဆောင်ရွက်ထားရန်၊

( ဂ ) မီးလောင်ပြင်သို့ **မြန်မြန်သွား** နိုင်ရေးအတွက် သင့် (၄) သင့်ဖြစ်သော စက်/လူ/ရေ/ဆီ အမြဲအသင့်ရှိနေရေးဆောင်ရွက်ထားရန်၊

(ဃ) မီးကို **မြန်မြန်ငြိမ်းသတ်** နိုင်ရေးအတွက် မီးသတ်ပညာရပ်များ၊ မီးသတ်ယာဉ်/စက်နှင့် မီးသတ် ပစ္စည်းကိရိယာများအား အသုံးပြုရာတွင် ပိုမိုကျွမ်းကျင်ရေးအတွက် အမြဲလေ့ကျင့်နေရန်၊ လေ့ကျင့်မှုများပြုလုပ်ရာတွင် အသားတကျဖြစ်အောင် အကြိမ်ကြိမ်အခါခါ လေ့ကျင့်ရန်၊

( င ) မိမိဒေသအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အမြဲထိတွေ့၍ လိုအပ်ချက်များကူညီ ပံ့ပိုးခြင်း၊ လိုအပ်ချိန်တွင် အသင့်စုစည်းနိုင်ရေး ဆောင်ရွက်ထားရှိရန်၊

( စ ) တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များရှိ စက်မှုဇုန်နှင့် စက်ရုံ/အလုပ်ရုံများတွင် သီးသန့်မီးသတ် တပ်ဖွဲ့ဝင်များ ဖွဲ့စည်းလေ့ကျင့်ရေးဆောင်ရွက်ရန်၊

(ဆ) အသက်ကယ်တပ်ဖွဲ့ဝင်များ စုဖွဲ့လေ့ကျင့်၍ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အလျင်အမြန် တုံ့ပြန်ကယ်ဆယ်ရေး (Quick Response) ဆောင်ရွက်ရန်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအား အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်း လုပ်ငန်းအဖြစ် ကြိုတင်ပြင်ဆင်ပြောင်းလဲဖွဲ့စည်းသင့်သည်များကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက် သွားရန်၊

( ခ ) ပြည်တွင်းရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အခြေခံ အဆောက်အဦများ တိုးချဲ့တည်ဆောက်သွားရန်၊

( ဂ ) ခရိုင်နှင့်မြို့နယ်ရုံးစာကြည့်တိုက်များကို ပြည်သူများ အမှန်တကယ်အားကိုးအားထားပြုနိုင်သည့် လူမှုအခြေပြုဌာန (Community Center) နှင့် လူမှုအခြေပြုစာကြည့်တိုက် (Community Library) များအဖြစ် တည်ထောင်ဖွင့်လှစ်ရန်၊

(ဃ) ရုပ်ရှင်ဥပဒေပေါ်ပေါက်လာရေးနှင့် ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေး မြှင့်တင်ရန်၊

( င ) ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများဖြန့်ဖြူးရာတွင် သမားရိုးကျနည်း (Traditional Method) များဖြင့်သာမက ခေတ်မီဒီဂျစ်တယ် (Digital) နည်းပညာရပ်များ၊ သတင်း

အချက်အလက်နည်းပညာရပ်များ (Information Technology) ဖြင့်ပါ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သည့်အခြေခံအဆောက်အအုံ (Infrastructure) များနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများကို ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖွံ့ဖြိုးမှု အစီအစဉ် (Development Programme) များ တိုးမြှင့်ဆောင်ရွက်ရန်၊

(စ) ဝန်ထမ်းများအား အသိပညာဖြန့်ဝေပေးသူ (Knowledge Provider)၊ သတင်းအချက်အလက် ဖြန့်ဝေပေးသူ (Information Provider) အဖြစ်လေ့ကျင့်ပြုစုပျိုးထောင်ပေးရေးအတွက် လိုအပ်သည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်၊

(ဆ) နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ရှုထောင့်စုံမှ သုံးသပ်ဆောင်ရွက်နိုင်ရေးအတွက် သုတေသနစာတမ်းများရေးသားခြင်းနှင့် စာတမ်း ဖတ်ပွဲများကျင်းပခြင်း၊ သုတေသနတွေ့ရှိချက်များအား ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ရန်၊

(ဇ) မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာတမ်းဖတ်ပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်များ၊ စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်များကျင်းပပြုလုပ်၍ ပြည်သူများအား စာဖတ်သည့်အလေ့အထကောင်းများ ပေါ်ပေါက်လာရေးအတွက် နှိုးဆော်ဆောင်ရွက်ရန်၊

(ဈ) e - Government ၊ Digital နည်းပညာများဖြင့် လုံခြုံရေးနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ စီးပွားရေး နှင့်သက်ဆိုင်သောလုပ်ငန်းများနှင့် စက်မှုနှင့်သက်ဆိုင်သောပုံနှိပ်လုပ်ငန်းများကို တစ်နေရာတည်း ဆောင်ရွက်နိုင်သည့် ပုံနှိပ်လုပ်ငန်းဆိုင်ရာစီးပွားရေးဇုန် (Press Industrial Zone) ထူထောင် ဆောင်ရွက်ရန်၊

(ည) စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ (ရန်ကုန်) တွင် ပြည်တွင်း/ပြည်ပထုတ်သုတ၊ ရသ စာစောင်များ စုံလင်စွာရောင်းချနိုင်ရေး၊ စာအုပ်ရောင်းချ/လက်ကျန်အခြေအနေကို အချိန်နှင့် တစ်ပြေးညီ Online မှ ကြည့်ရှုနိုင်ရေးဆောင်ရွက်ရန်၊

(ဋ) မြန်မာ့အလင်းသတင်းစာနှင့်ကြေးမုံသတင်းစာများအား ပြည်သူများဖတ်ရှုသည့် အဓိက သတင်းစာ (၂) စောင်အဖြစ် ဆက်လက်ရပ်တည်နိုင်ရေးဆောင်ရွက်ရန်၊

(ဌ) တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကိုယ်ပွားသတင်းစာများတွင် ရောင်စုံသတင်းစာ ပုံနှိပ်ထုတ်ဝေ နိုင်ရေးနှင့် တိုင်းရင်းသားဘာသာဖြင့်ပါ ပုံနှိပ်ထုတ်ဝေနိုင်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဍ) ကျေးလက်နေပြည်သူများကို သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတရရှိစေရန်၊ အသိပညာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ကျေးလက်ဒေသအထိ သတင်းစာများရောက်ရှိအောင် ဖြန့်ချိနိုင်ရေး ဆောင်ရွက်ရန်၊

(ဎ) e - Government လုပ်ငန်းများကို အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေးဦးစီးဌာန**

(က) ရေမြေဒေသအခြေအနေနှင့်ကိုက်ညီသည့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံ မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်သုံးစွဲနိုင်ရေး၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကမျိုးစေ့ထုတ် လုပ်ငန်းများ ပေါ်ထွန်းလာရေးဆောင်ရွက်ရန်၊

(ခ) တောင်သူလယ်သမားများထံ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP) နှင့် စိုက်ပျိုးပညာပေး လုပ်ငန်းများအား တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရန်၊

(ဂ) လယ်ယာသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက် ခြင်းနှင့် နည်းပညာများပြန့်ပွားရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊

(ဃ) ပြောင်းလဲလာသည့်ရာသီဥတုနှင့် လိုက်လျောညီထွေသောသီးနှံစိုက်ပျိုးနည်းစနစ်များ သီးနှံပုံစံများ ချမှတ်ဆောင်ရွက်ရန်၊

( င ) အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များ စဉ်ဆက်မပြတ်မွေးထုတ်၍ စိုက်ပျိုးရေးပညာ အရည်အသွေးမြင့်မားရေးကို စီမံဆောင်ရွက်ရန်၊

( စ ) လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေများအား ခေတ်နှင့်လျော်ညီစွာ ပြဋ္ဌာန်းခြင်းနှင့်ပြင်ဆင်ရန်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)**

(က) ရေလေလွင့်မှုနည်းပါးပြီး အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် လက်ရှိဆည်များ၊ မြစ်ရေတင် လုပ်ငန်းများ၊ မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် ရေသောက်စနစ် များကို ခေတ်မီအောင်ပြုပြင်တည်ဆောက်ခြင်းနှင့်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

( ခ ) ကျေးရွာပိုင်ဆည်များ၊ ရေကန်များ၊ ရေသွင်းရေထုတ်စနစ်များ၊ လယ်သမားတာများ၊ တည်ဆောက် ရေးနှင့် ထိန်းသိမ်းရေးကို ကူညီဆောင်ရွက်ရန်၊

( ဂ ) လိုအပ်သည့်ဒေသများတွင် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကို ထိခိုက်မှုအနည်းဆုံးဖြင့် မြေအောက်ရေတူးဖော်သုံးစွဲနိုင်ရေး၊ အစက်ချရေပေးစနစ်၊ ရေဖျန်းစနစ်စသည့် အဆင့်မြင့် ရေသွင်းနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးဆောင်ရွက်သွားရန်၊

(ဃ) ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေဘေးကာကွယ်ရေးတာများနှင့် ပင်လယ်ရေငန် ဝင်ရောက်သောဒေသများတွင် ရေငန်တားတာများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများအား ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဒေသအလိုက် ဦးစားပေးအစီအစဉ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

( င ) ဒေသရှိရင်းစွဲအရင်းအမြစ်များနှင့် ဒေသ၏လိုအပ်ချက်အပေါ်မူတည်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း သုံးရေ၊ သောက်သုံးရေဖူလုံစေရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေလှောင်တမံနှင့် ဆည်ငယ်၊ ကန်ငယ်များပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

( စ ) ဒေသအလိုက် စိုက်ပျိုးရေကို အကျိုးရှိထိရောက်စွာ ရယူသုံးစွဲနိုင်ရန် တောင်သူများစိုက်ပျိုးရေ ရရှိသုံးစွဲရေးအဖွဲ့များ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် လိုအပ်သောနည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ ပြဋ္ဌာန်းခြင်းနှင့် ယင်းအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြင့်မားရေးအတွက် လိုအပ်သောနည်းစနစ်များ လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်သွားရန်၊

(ဆ) ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးနည်းပညာနှင့် အသိပညာပေးရေး အစီအစဉ်များ ဆောင်ရွက်သွားရန်၊

( ဇ ) သောက်သုံးရေနှင့်စိုက်ပျိုးရေပေးဝေမှုတွင် ရေအရည်အသွေးပြည့်မီလွှမ်းခြုံစေရေး ခေတ်မီ ရေစမ်းသပ်ကိရိယာများ အသုံးပြုဆောင်ရွက်သွားရန်၊

(ဈ) ကျေးလက်ပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဌာန၏ ရေပေးမြောင်းပေါင်များအား ကျေးရွာခြင်းဆက်လမ်းများအဖြစ် အသုံးပြုဆောင်ရွက်သွားရန်၊

(ည) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် အခြားသောဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊

( ဋ ) ဝန်ထမ်းများလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနှင့်လျှပ်စစ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားရန်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

(က) ဌာနတွင် အသုံးပြုလျက်ရှိသည့် ကွင်းမြေပုံများအား ဒီဂျစ်တယ်မြေပုံများအဖြစ် ပြောင်းလဲနိုင်ရေး အတွက် မြေတိုင်းတာခြင်း၊ မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများကို နှစ်အလိုက် စီမံချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ခ ) လယ်ယာကဏ္ဍ၊ မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ကောက်ယူ၊ ပြုစု၊ ထုတ်ပြန်ရန်၊

(ဂ) ဌာနမှတိုင်းတာထားသည့် မြေပုံများ၊ လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာစာရင်းအင်း အချက်အလက်များအသုံးပြု၍ သတင်းအချက်အလက်စနစ်ထူထောင်ရန်၊

(ဃ) လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် တည်ဆဲ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသည့်ကော်မတီ (သို့မဟုတ်) အဖွဲ့အစည်း အသီးသီးတွင် မိမိဌာန ဝန်ထမ်းများ ဥပဒေသတ်မှတ်ချက်နှင့်အညီ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်၊

(င) ကြေးတိုင်လုပ်ငန်းများအား ကြေးတိုင်လက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(စ) လယ်ယာကဏ္ဍနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေးအတွက် လိုအပ်သောလူမှုစီးပွားစစ်တမ်းများနှင့် လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ကောက်ယူပြုစုရန်၊

(ဆ) စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းများမှတ်ပုံတင်ပေးသည့် လုပ်ငန်းဆောင်ရွက်ရန်၊

(ဇ) ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရေးအတွက် လိုအပ်သည့်အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ဆောင်ရွက်ရန်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီးဘဏ်ခွဲ**

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရန်ကုန်တိုင်းဒေသကြီးဘဏ်ခွဲအနေဖြင့် ဘဏ်၏ အဓိက လုပ်ငန်းစဉ်များဖြစ်သော မိုး၊ ဆောင်း၊ မိုးကြိုချေးငွေများ ထုတ်ချေးခြင်းနှင့် ပြန်လည်ကောက်ခံခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

(က) ၂၀၃၀ ခုနှစ်တွင် ကျေးရွာများအားလုံး၌ ရာသီမရွေးဆက်သွယ်သွားလာနိုင်မည့် အဓိက လမ်းမကြီး အနည်းဆုံးတစ်ခု ဖြစ်ပေါ်စေရေးရည်မှန်း၍ ကျေးလက်လမ်းတံတားများဖွံ့ဖြိုးရေး မဟာဗျူဟာ ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ဒေသအလိုက် အကျိုးရှိမည့်ကျေးလက်ရေရရှိရေးစီမံကိန်းများနှင့် နည်းပညာအသိပညာပေးခြင်း များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်နှင့်အညီ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားရန်၊

(ဃ) ကျေးလက်မီးလင်းရေးကဏ္ဍတွင် အသေးစားဓာတ်အားလိုင်း (Mini-Grid) ဖွံ့ဖြိုးရေးအတွက် လိုအပ်သောစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းသွားရန်၊

(င) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အိုးအိမ်ပျက်စီးဆုံးရှုံးသွားသော ကျေးလက်နေပြည်သူများ အတွက် ကျေးလက်အိမ်ရာများ၊ ကျေးလက်အိမ်သာများဆောက်လုပ်သွားရန်၊

(စ) ကျေးလက်ဒေသ၌ အခြားလူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် လူထုဗဟိုပြုစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဆ) ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ (Revolving Fund) ထူထောင်ရန်နှင့် အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားရန်၊

(ဇ) သုတေသနလုပ်ငန်းများ၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

**ငါးလုပ်ငန်းဦးစီးဌာန**

(က) ငါးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ရေရှည်တည်တံ့စေရန် တည်ဆဲဥပဒေ (သို့မဟုတ်) ခေတ်နှင့်အညီ ပြုပြင်ရေးဆွဲထားသော ငါးလုပ်ငန်းဆိုင်ရာဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊

စီမံခန့်ခွဲခြင်း၊ တိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ငါးနှင့်ငါးတို့၏သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ခ) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေတိုးတက်လာစေရန် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်နှင့် စီးပွားဖြစ်ငါးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ လာစေရေးဆောင်ရွက်ရန်၊

(ဂ) ငါးရိက္ခာဖူလုံရေး၊ စားသုံးမှုအန္တရာယ်ကင်းရှင်းသော ရေထွက်ပစ္စည်းများထုတ်လုပ်ရေးနှင့် တန်ဖိုးမြင့်ရေထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို မွေးမြူရေးဇုန်များအဖြစ် ဖော်ထုတ်လုပ်ကိုင်နိုင်ရေးအားပေး၍ လက်ရှိလုပ်ပိုင်ခွင့်ရပြီးသော မွေးမြူရေးဇုန်များတွင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေးကွက်ရရှိရေးဆောင်ရွက်ရန်၊

(ခ) မွေးမြူရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် မွေးမြူနိုင်ရန် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်၊

(ဂ) ကျေးလက်မွေးမြူရေးအစုအဖွဲ့များကို ကျေးရွာနှင့်မြို့နယ်များအလိုက် တိုးချဲ့ဖွဲ့စည်းဆောင်ရွက်၍ မွေးမြူကုန်ထုတ်သမဝါယမအသင်းများအဖြစ် ဆောင်ရွက်ရန်၊

(ဃ) ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop (OSS) များ ခရိုင်ရုံးစိုက်ရာမြို့တွင် ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(င) စားကျက်မြေများထိန်းသိမ်းခြင်း၊ တိုးချဲ့ဖော်ထုတ်ခြင်း ဆောင်ရွက်ရန်၊

(စ) တိရစ္ဆာန်ကောင်ရေစာရင်း မှန်ကန်မှုရှိရေး ဆောင်ရွက်ရန်၊

(ဆ) မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာ အကူအညီများရရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) မွေးမြူရေးထုတ်ကုန်ပစ္စည်းများအတွက် (Sanitary, Phytosanitary, Quarantine, Quality Inspection and Supervision) နှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်သတ်မှတ်ချက်များအား အပြည်ပြည်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲထုတ်ပြန်ရန်၊

(ဈ) မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များမွေးမြူနိုင်ရန် မျိုးမြှင့်သားစပ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းနှင့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်းဆောင်ရွက်ရန်၊

(ည) မွေးမြူရေးအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဆိုင်ရာ ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့ တည်ထောင်ခြင်းဆောင်ရွက်ရန်၊

(ဋ) သုတေသနလုပ်ငန်းများ၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးမည့် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဌ) မွေးမြူရေးအလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးနိုင်စေရန် မွေးမြူတောင်သူများအား အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

(ဍ) ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီပြီး ရေ မြေ ဒေသ အခြေအနေအလိုက် သင့်လျော်ဖြစ်ထွန်းမှု ရှိသည့် အရည်အသွေးကောင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ သုတေသနပြုထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(ဎ) မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းစဉ်တွင် လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် အရည်အသွေးကောင်းမွန်စေရေးအတွက် လက်တွေ့အသုံးပြုပြုပြင်ထုတ်လုပ်နိုင်သည့် နည်းပညာများကို သုတေသနပြုဖော်ထုတ်ရန်၊

(ဏ) တိရစ္ဆာန်များအား မျိုးမြှင့်တင်ခြင်း၊ မျိုးစပ်မွေးမြူခြင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်မျိုးစိတ်များ ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ လိုအပ်သောဥပဒေများ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ရန်၊

(တ) အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်သည့်စနစ်တစ်ရပ်ထူထောင်၍ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊

(ထ) ရေရှည်တည်တံ့သောမွေးမြူရေးလုပ်ငန်းများတွင် ဂေဟစနစ်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်၊

(ဒ) မျိုးဗီဇအရင်းအမြစ် (Genetic Resource) များကို ထိန်းသိမ်းကာကွယ်ရန်အတွက် နည်းပညာကော်မတီများ၊ ဆက်စပ်ဌာနများနှင့် ကျွမ်းကျင်ပညာရှင်များဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(ဓ) မွေးမြူရေးလုပ်ငန်းများတွင် ကောင်းမွန်သောမွေးမြူနည်းကျင့်စဉ် (Good Animal Husbandry Practices - GAHP) များ ရေးဆွဲဖော်ထုတ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရန်။

**သမဝါယမဦးစီးဌာန**

(က) သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် သမဝါယမသဘောတရား၊ ကျင့်ဝတ်၊ အနှစ်သာရနှင့် သမဝါယမအခြေခံမူများနှင့်အညီ ကူညီဆောင်ရွက်ပေးရန်၊

(ခ) သမဝါယမအသင်းသစ်များအား သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ပေးခြင်း၊ ဖွဲ့စည်းထားရှိသည့်သမဝါယမအသင်းများအားလည်း ကျစ်လျစ်ခိုင်မာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ပေးရန်၊

(ဂ) ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံလူတန်းစားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစားအရင်းအနှီးချေးငွေ (Micro Capital Loan) လုပ်ငန်းကို ဆောင်ရွက်ပေးရန်၊

(ဃ) တောင်သူလယ်သမားများသို့ လယ်ယာသုံး၊ ရေလုပ်ငန်းသုံးစသည့်စက်ကိရိယာများနှင့် သွင်းအားစုများအား ဝယ်ယူသုံးစွဲနိုင်ရန်အရစ်ကျစနစ် (Hire Purchase) ဆောင်ရွက်ပေးရန်၊

(င) စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ပူးပေါင်း၍ လိုအပ်သည်များကူညီပေးခြင်း၊ ငွေကြေးပံ့ပိုးခြင်းတို့ကို ဆောင်ရွက်ပေးရန်၊

(စ) သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ် ဖွံ့ဖြိုးတိုးတက်စေရန် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်းတည့်မတ်ပေးခြင်း၊ သမဝါယမကျင့်ဝတ်အနှစ်သာရနှင့် အခြေခံမူတို့ကို သိရှိနားလည်စေရန် ဦးစီးဌာနဝန်ထမ်းများနှင့် သမဝါယမအသင်းအဆင့်ဆင့်ရှိ အမှုဆောင်များ၊ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းများ၊ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဆ) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအရင်းအနှီးငွေကြေးများအား နိုင်ငံတကာမှ Aid, Grant နှင့် Loan များရရှိအောင် ဆောင်ရွက်ရန်၊

(ဇ) သမဝါယမအသင်းများမိသားစုများ၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေနှင့်အညီ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံတင်ပေးခြင်းနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန်၊

( ခ ) အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများပို့ချရန်၊

( ဂ ) ရက်ကန်းလုပ်ငန်းများနှင့် ပန်း (၁၀) မျိုးအပါအဝင် လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး၊ နည်းပညာ၊ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးရန်၊

(ဃ) စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များအား ဓာတ်ခွဲစမ်းသပ်ပေးရန်၊

( င ) အသေးစားစက်မှုလက်မှုပြပွဲ၊ ဆွေးနွေးပွဲများကျင်းပပေးရန်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

(က) (Efficient Transport Network System) အား (Demand and Supply Concept) နှင့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေပြောင်းလဲမှုအပေါ်အခြေခံ၍ တည်ထောင်ဆောင်ရွက်ရန်၊

( ခ ) ရေကြောင်းနှင့်လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားရန်၊

( ဂ ) သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာစေရန်နှင့် အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်အစဉ်အမြဲတိုးတက်နေစေရေးဆောင်ရွက်ပေးရန်နှင့် မွမ်းမံသင်တန်းများ ပုံမှန်ဖွင့်လှစ်ပို့ချလေ့ကျင့်သွားရန်၊

(ဃ) ခေတ်မီသတင်းနည်းပညာနှင့် အတွေးအခေါ်များအသုံးပြု၍ အရည်အချင်းပြည့်ဝသောဝန်ထမ်းများဖြင့် အရည်အသွေးမီ စီမံခန့်ခွဲမှုစနစ်တည်ဆောက်ရန်၊

( င ) နိုင်ငံသားများအား လိုအပ်သည့်အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့်ပို့ချပြီး နိုင်ငံတကာသင်္ဘောလိုင်းများ/လေကြောင်းလိုင်းများတွင် အလုပ်အကိုင်တိုးမြှင့်ရရှိရေးဆောင်ရွက်သွားရန်၊

( စ ) မိမိလက်ဝယ်ရှိ စွမ်းအားစုများကို အထိရောက်ဆုံးသုံးစွဲနိုင်ရန်၊

(ဆ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်၊

( ဇ ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား စနစ်တကျဖြစ်ပေါ်စေရန်၊

(ဈ) အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်၊

(ည) ပြည်သူများအားထားနိုင်သည့် ရထားလုပ်ငန်းအဖြစ်ရပ်တည်နိုင်ရန်၊

( ဋ ) နိုင်ငံတော်အတွက် ဝင်ငွေရရှိရေးနှင့် ရထားလမ်းဖြင့်ဆက်စပ်နေသောနေရာများဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုရန်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

(က) ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်တွင်း/ပြည်ပကုမ္ပဏီများအား ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်စေပြီး၊ ဘဏ္ဍာရေးအရင်းအမြစ်ဖြစ်သောအခွန်အခများ အပြည့်အဝကောက်ခံရရှိရေးဆောင်ရွက်သွားရန်၊

( ခ ) e-Government လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများတည်ဆောက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

( ဂ ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေး ကော်ပိုရေးရှင်းအသွင်ပြောင်းလဲနိုင်ရေးဆောင်ရွက်သွားရန်၊

(ဃ) မြန်မာ့စာတိုက်လုပ်ငန်းအား ခေတ်မီသည့်ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်သွားရန်။

**သစ်တောဦးစီးဌာန**

(က) သစ်တောများပြန်လည်တည်ထောင်ခြင်းအစီအစဉ်ကို (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်မှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာနှစ်အထိ (၁၀) နှစ်စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး သစ်ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်နိုင်မည့်ပမာဏ (Actual Allowable Cut-AAC) ဘောင်အတွင်းမှ လျှော့ချထုတ်လုပ်ရန်၊

(ခ) သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် နိုင်ငံတော်အတွင်း သစ်ထုတ်လုပ်မှု လျှော့ချရေးလုပ်ငန်းစဉ်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျွန်းနှင့်သစ်မာထုတ်လုပ်မှု (၁)နှစ် ရပ်ဆိုင်းထားပြီး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း သစ်တောကြိုးဝိုင်းဧရိယာနည်းပါးခြင်း၊ ကြိုးဝိုင်း အများစုမှာ ရေဝေရေလဲဒေသများအတွင်းကျရောက်ခြင်း၊ သစ်ကြီးဝါးကြီးများပေါက်ရောက်မှု နည်းပါးလာခြင်းတို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းတွင်လည်း သစ်ထုတ်လုပ်ရန် မရှိပါကြောင်း၊ ဖမ်းဆီးရမိသောသစ်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပေးပြီး ဌာနမှခွင့်ပြုထားသော တရားဝင်လိုင်စင်ရသစ်စက်များတွင်ခွဲစိတ်၍ ပြည်တွင်းနှင့်ပြည်ပရောင်းချခြင်း များကို နှစ်စဉ်ဆောင်ရွက်ပေးရန်၊

(ဂ) အခြားသစ်တောထွက်ပစ္စည်းများအား လျာထားချက်ပြည့်မီအောင် စီမံချက်ရေးဆွဲ၍ ထုတ်လုပ် ဆောင်ရွက်ခြင်း၊ အခွန်ကောက်ခံခြင်း၊ တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိပါက ထုခွဲရောင်းချခြင်းများဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းလျာထားချက် ပြည့်မီအောင်ဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

(က) ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အထိမ်းအမှတ် ပြပွဲပြိုင်ပွဲများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများဆောင်ရွက်ရန်၊

(ခ) ရန်ကုန်တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ ပြန်ကြားရန်၊

(ဂ) ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုအခြေအနေများအား ကွင်းဆင်း စစ်ဆေးရန်၊

(ဃ) ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ စီမံကိန်းအဆိုပြုသူ၊ စီမံကိန်းကြောင့် ထိခိုက် နစ်နာရသူများ၊ ပါဝင်ပတ်သက်သူများပါဝင်သည့် လူထုတွေ့ဆုံဆွေးနွေးမှုများကျင်းပနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ဆက်စပ်ဝန်ကြီး ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

**အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ ခဲမဖြူသတ္တုစင်စက်ရုံ**

(က) ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့် စနစ်ဖြင့် အကျိုးတူသတ္တုတူးဖော်မှုများတိုးချဲ့ရန်နှင့်၊ ဖက်စပ်လုပ်ကွက်များအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်၊

(ခ) ထုတ်လုပ်ခွင့်၊ ခွင့်ပြုမိန့်ရရှိသော ပုဂ္ဂလိက လုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ၊ နိုင်ငံတော်အချိုးရရှိမည့် သတ္တုများ အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ရန်၊

(ဂ) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်ရန် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့်စက်ရုံ၊ အလုပ်ရုံများအား ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်ရန်။

**လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

(က) ကော်ပိုရေးရှင်း၏နယ်မြေ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရန်နှင့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တပ်ဆင်တည်ဆောက်ရန်၊

(ခ) နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိကဓာတ်အားထုတ်လုပ်သောလုပ်ငန်းများမှ လျှပ်စစ်ဓာတ်အားကို ဝယ်ယူဖြန့်ဖြူးရောင်းချရန်၊

(ဂ) ကော်ပိုရေးရှင်း၏နယ်မြေတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားမရရှိသေးသောရွာများ၊ အိမ်ထောင်စုများအားလုံးသို့ လျှပ်စစ်ဓာတ်အား ဆက်သွယ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံချက်များ ချမှတ်ပြီးဆောင်ရွက်ရန်၊

(ဃ) ဓာတ်အားစနစ်မှ အလှမ်းကွာဝေးသောကျေးလက်ဒေသများရှိ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယင်းဒေသများတွင် သီးခြား Mini - Grid များ၊ Solar Home System များဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ရန်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

(က) အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီမှ ချမှတ်ထားသောမူဝါဒ၊ ရေရှည်ဆောင်ရွက်မည့် စီမံချက်များနှင့်အညီ စွမ်းအင်ကဏ္ဍ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်၊

(ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာဈေးနှုန်းများ တည်ငြိမ်စေရေးနှင့် ဈေးနှုန်းသတ်မှတ်ရေးမူဝါဒချမှတ်နိုင်ရေး လေ့လာစူးစမ်း၍ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရန်၊

(ဂ) ခေတ်စနစ်နှင့်လျော်ညီမည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား ပြင်ဆင်၊ ပြုစုရေးဆွဲပြဋ္ဌာန်းရန်၊

(ဃ) စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးနှင့် ပြည်သူလူထုသို့ အစဉ်အမြဲအသိပေးစီမံဆောင်ရွက်ရန်၊

(င) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို အဓိကဦးတည်ဆောင်ရွက်မည့်နည်းတူ လက်ရှိထုတ်လုပ်လျက်ရှိသော ရေနံတွင်းဟောင်းများ၏ ထုတ်လုပ်မှုကျဆင်းနှုန်းအနည်းဆုံးဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(စ) စွမ်းအင်ဝန်ကြီးဌာနရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကော်ပိုရေးရှင်းအသွင် ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်း၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကပါဝင်မှု၊ အများပိုင်အဖွဲ့အစည်းဦးတည်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်ရေးအတွက် Public Private Partnership (PPP) ပုံစံ ပြောင်းလဲနိုင်ရေး စူးစမ်းလေ့လာအကောင်အထည်ဖော်ရန်။

**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

(က) နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများအား ပြန်လည်ဖွဲ့စည်းရန်၊

(ခ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ရန်၊

(ဂ) စက်မှုလုပ်ငန်းများ၏ အခြေခံဖြစ်သည့် စက်ပစ္စည်းကိရိယာများနှင့် ကုန်ကြမ်းပစ္စည်းများကို ထုတ်လုပ်ပေးနိုင်မည့် အကြီးစားစက်မှုလုပ်ငန်းများ ထူထောင်ရန်၊

(ဃ) နိုင်ငံတကာစက်မှုလုပ်ငန်းကြီးများ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် ပြည်တွင်းစက်မှုလုပ်ငန်းများမှ ယင်းတို့ဖြင့်ချိတ်ဆက်၍ အထောက်အကူပြုစက်မှုလုပ်ငန်းများ (Supporting Industries) အဖြစ် ဆောင်ရွက်နိုင်မည့်မူဝါဒများ ချမှတ်ရန်၊

(င) စက်မှုဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လေ့ကျင့်မွေးထုတ်ပေးရန်၊

(စ) စက်မှုကဏ္ဍ၊ စီးပွားရေးအဆောက်အဦ၊ လူနေမှုအဆောက်အဦနှင့် အများပြည်သူဆိုင်ရာ အဆောက်အဦများတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲမှုဆိုင်ရာအစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။

**ကုန်သွယ်ရေးဦးစီးဌာန**

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်တွင်းမှထုတ်လုပ်သောထုတ်ကုန်အမျိုးမျိုး တိုးမြှင့်တင်ပို့ရန်၊

(ဂ) ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန်၊

(ဃ) ပို့ကုန်သွင်းကုန်များ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်။

**အခြေခံပညာဦးစီးဌာန**

(က) မသင်မနေရ အခမဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးအတွက် အခြေခံပညာကျောင်းများတွင် လိုအပ်သောလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊

(ခ) ကျောင်းပညာရေးမသင်ယူနိုင်သော ကလေးသူငယ်များအတွက် ကျောင်းပြင်ပပညာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊

(ဂ) ကျောင်းအခြေပြု မူလတန်းကြိုပညာရေးအတွက် လိုအပ်သောအဆောက်အဦ၊ ထောက်ပံ့ပစ္စည်းများ၊ ဆရာ/ဆရာမ ခန့်ထားနိုင်ရေးဆောင်ရွက်ရန်၊

(ဃ) အရည်အသွေးပြည့်ဝသော ကျောင်းအုပ်ကြီးများ၊ ဆရာ/ဆရာမများ ဖြစ်ထွန်းလာစေရန်အတွက် သင်တန်းများ၊ ကျွမ်းကျင်၍ စွမ်းရည်ပြည့်ဝသောဝန်ထမ်းများ ဖြစ်ပေါ်လာစေရေးအတွက် လုပ်ငန်းခွင်မပျက်သင်တန်းများ ဖွင့်လှစ်ပေးရေးဆောင်ရွက်ရန်၊

(င) ကာယ၊ ဉာဏ၊ ဘက်စုံဖွံ့ဖြိုးရေးအတွက် ကျောင်းသားအားကစားပွဲများ၊ အနုပညာနှင့်ပတ်သက်သောအဆို၊ အက၊ အရေးအတီးပြိုင်ပွဲများ၊ ပညာရေးပြက္ခဒိန်အရ ဆောင်ရွက်သောလုပ်ငန်းများ၊ ပြပွဲပြိုင်ပွဲများ အောင်မြင်မှုရရှိနိုင်ရေးအတွက် လေ့ကျင့်မှုများဆောင်ရွက်ရန်၊

(စ) အန္တရာယ်ရှိကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့တည်ဆောက်ပေးရန် လိုအပ်သောကျောင်းဆောင်များ၊ ဥပမိရုပ်မကောင်းသည့်ကျောင်းများအတွက် ကျောင်းဆောင်သစ်များဆောက်လုပ်ပေးရန်၊ ပြုပြင်ရန်နှင့် ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဆ) ICT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် e-government စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စက်ကိရိယာများတပ်ဆင်ရန်၊

(ဇ) အသက် (၃) နှစ် မှ (၅) နှစ်အရွယ်ကလေးများအတွက် သူငယ်တန်းမှ ပထမတန်းသို့ ကူးပြောင်းမှုလွယ်ကူစေရန် အရည်အသွေးပြည့်ဝသော ကျောင်းအခြေပြုမူကြိုပညာရေးကို စတင်ဆောင်ရွက်ရန်၊

(ဈ) ကျောင်းထောက်ပံ့ကြေး၊ ပညာသင်ထောက်ပံ့ကြေးများဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများနှင့်ပူးပေါင်း၍ ချေးငွေ၊ အကူအညီ အထောက်အပံ့တို့ဖြင့် ဆောင်ရွက်ရန်၊

(ည) အခြေခံပညာကျောင်းများတွင် သန့်ရှင်းသောသောက်သုံးရေရှိရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်စေသည့်သန့်စင်ခန်းများဆောက်လုပ်ပေးရန်၊

(ဋ) ပညာရေးဝန်ထမ်းများအတွက် သွားလာရေးလွယ်ကူစေရန်နှင့် လုပ်ငန်းခွင်ပျော်ရွှင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းသက်သာချောင်ချိရေးလုပ်ငန်းများဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရန်၊

(ဌ) သဘာဝဘေးကျရောက်ခဲ့ပါက အချိန်မီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် ( ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၇

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် ရုံးအုပ် လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဝန်ထမ်း (၇) ဦးအား လစ်လပ်လျက်ရှိသော ဌာနစုမှူး လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဒေါ်ယုယုခိုင်

(၂) ဒေါ်ခင်စန္ဒာအေး

(၃) ဒေါ်ဝင်းလဲ့လဲ့ဟန်

(၄) ဦးဖြိုးဝေဝင်း

(၅) ဒေါ်ခင်မိုးအေး

(၆) ဦးဇော်ညီညီဆန်း

(၇) ဒေါ်နှင်းနှင်းဦး

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

(၁) မြန်မာနိုင်ငံ တူးမြောင်းအက်ဥပဒေအခန်း (၁) ပုဒ်မ (၃)၊ ပုဒ်မခွဲ (၁) နှင့် အက်ဥပဒေအခန်း (၁၂)၊ ပုဒ်မ (၇၉)၊ ပုဒ်မခွဲ (၁) အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့သော သိန်ရင်ရေလှောင်တမံနှင့်ဆက်စပ်နေသော

ရေထုတ်ပြွန်၊ ရေပိုလွှဲ အဆောက်အဦနှင့် ရေလှောင်တမံ အစိတ်အပိုင်းများဖြစ်သော ရေဝင်ချောင်းများ၊ ရေနုတ်မြောင်းများ၊ ရေပေးမြောင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော အဆောက်အအုံများအဖြစ် သတ်မှတ်ကြော်ငြာလိုက်သည်။

(၂) **အတိုင်းအတာများ**

(က) သိန်ရင်ရေလှောင်တမံ၏ ပေတိုင် (၀) မှ ပေတိုင် (၁၀၉၀၀) အထိ

(ခ) သိန်ရင်ရေလှောင်တမံအထက်ဘက် (H.F.L) 552 ရေဝပ်ဧရိယာအတွင်း ကျရောက်သော (နတ်အင်း) ကျေးရွာနှင့် (ငါတို့) ကျေးရွာ တစ်လျှောက်ရှိ ရေဝပ်ဧရိယာများအားလုံး

(ဂ) သိန်ရင်ရေလှောင်တမံ၏ အောက်ဘက် ပေ (၄၀၀၀) အကွာရှိ (ရွာမ) နှင့် (ရွာသစ်) ကျေးရွာအထိ (တမံမြေဖို့ရာတွင်ပါဝင်သော မြေဧရိယာများအားလုံး)

(၃) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော သိန်ရင်ရေလှောင်တမံ၏ နယ်နိမိတ်များ၊ ရေဆင်းဧရိယာအတွင်းနှင့် ဆက်စပ်သော ချောင်းများ၏ နယ်နိမိတ်အတွင်း ငါးဖမ်းရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့်ပိတ်ဆို့ခြင်း၊ ရေစီးရေလာအနှောင့်အယှက်ဖြစ်စေသော လုပ်ငန်းများလုပ်ဆောင်ခြင်း၊ သောက်သုံးသူအန္တရာယ်ဖြစ်စေသော ဓာတုဆေးအသုံးပြု၍ ငါးဖမ်းခြင်းကြောင့် ရေများညစ်ညမ်းခြင်း၊ ကျူးကျော်နေထိုင်ခြင်းများကြောင့် ဆက်စပ်နေသော ဆည်မြောင်းအဆောက်အအုံများနှင့် လယ်ယာမြေများအပေါ်တွင် တစ်နည်းနည်းဖြင့် ထိခိုက်ပျက်စီးစေခြင်း၊ လွှမ်းမိုးခြင်းစသည့် အန္တရာယ်များမှ ကာကွယ်ရန်အတွက် ဤအမိန့်ကြော်ငြာချက်ကို ထုတ်ပြန်လိုက်ပါသည်။ ပြစ်မှုကျူးလွန်သူများအား မြန်မာနိုင်ငံ တူးမြောင်းအက်ဥပဒေ အခန်း (၁၁) ပုဒ်မ (၇၅) အောက်ရှိ ပြစ်မှုများအလိုက် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ လိုအပ်သလို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)

အမှတ် ၁၂။ ။ နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ငွေစာရင်းဌာနခွဲမှ ညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်အေးအေးမြင့် (၂) အား ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားရန် လျှောက်ထားချက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၈) ခွင့်ခံစားခြင်းနည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၁၃။ ။ ရန်ကုန်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်မဥ္ဇူစော အား မိမိ၏အလုပ်ဝတ္တရားများအပြင် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားမည်ဖြစ်သော နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ငွေစာရင်းဌာနခွဲမှ ညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်အေးအေးမြင့် (၂) ၏ အလုပ်ဝတ္တရားများကိုပါ ယာယီပူးတွဲထမ်းဆောင်စေလိုက်သည်။

အမှတ် ၁၄။ ။ နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ငွေစာရင်းဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်အေးမာဖေ အား မိမိ၏အလုပ်ဝတ္တရားများအပြင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ ပြန်တမ်းစာအမှတ်-၃၅၁၂/၄-၈၅၅ အမ/စီမံ-၃ ဖြင့် ညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်အေးအေးမြင့် (၂) ယာယီ

ပူးတွဲထမ်းဆောင်နေသည့် ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) ၏ အလုပ်ဝတ္တရားများကိုပါ ယာယီပူးတွဲထမ်းဆောင်စေလိုက်သည်။

အမှတ် ၁၅ ။ ။ နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ငွေစာရင်းဌာနခွဲမှ၊ ညွှန်ကြားရေးမှူး (ငွေစာရင်း) အလုပ်ဝတ္တရားများကို ရန်ကုန်မြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်မဥ္စူစော သို့လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (ငွေစာရင်း) အလုပ်ဝတ္တရားများကို နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ငွေစာရင်းဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်အေးမာဖေ သို့လည်းကောင်း လွှဲပြောင်းပေးပြီးနောက် နေပြည်တော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ငွေစာရင်းဌာနခွဲမှ၊ ညွှန်ကြားရေးမှူး (ငွေစာရင်း) ဒေါ်အေးအေးမြင့် (၂) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း (၈) ခွင့်ခံစားခြင်းနည်းဥပဒေ (၈၇) (၈၉) တို့အရ ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင်ခံစားခွင့်ပြုလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## သမဝါယမဦးစီးဌာန

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

အမှတ် ၂၅ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စစ်ဆေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်ရှိန် [၁၂/ရကန (နိုင်) ၀၃၁၁၅၈] အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဒေါ်ခင်ရှိန် အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၂၆ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ဝန်ဆောင်မှုလုပ်ငန်းဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်လှလှကြူ [၁၂/ဗဟန (နိုင်) ၀၂၂၅၀၂] အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဒေါ်လှလှကြူ အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၂၇ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ညိုညို [၁၃/ရငန (နိုင်) ၀၀၁၂၁၃]

အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဒေါ်ခင်ညိုညို အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အမှတ် ၂၈ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ မင်းလှမြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဌေး [၇/လပတ (နိုင်) ၀၀၃၁၅၇] အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဒေါ်မြင့်မြင့်ဌေး အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

အမှတ် ၂၉ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ ချင်းရွှေဟော်မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်လင်းသိန်း [၁၃/လရန (နိုင်) ၀၂၂၈၄၅] အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ဦးအောင်လင်းသိန်း အား ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

အောင်ဖြူ
ညွှန်ကြားရေးမှူးချုပ်၊
သမဝါယမဦးစီးဌာန။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

အမှတ် ၅၅၂ ။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၉/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၁)/၀၂ (ဂ)/ (၂၉၁၆/၂၀၁၇) တို့အရ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းထွန်း အား သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးနေရာသို့ ညွှန်ကြားရေးမှူး အလုပ်တာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့နေရာချထားလိုက်သည်။

(၁၄) ရက်အတွင်းပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

အမှတ် ၅၅၃ ။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၉/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၂)/၀၁ (က)/ (၂၉၁၈/၂၀၁၇) တို့အရ သစ်တောဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူးများအား ၎င်းတို့ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပြောင်းရွှေ့နေရာချထားလိုက်သည် -

| စဉ် | အမည် | မှ | သို့ |
|---|---|---|---|
| ၁ | ဦးခင်မောင်မြင့် (၁) | စစ်ဆေးရေးဌာန (ဧရာဝတီတိုင်းဒေသကြီး တွဲဖက်) | ဧရာဝတီတိုင်းဒေသကြီး |
| ၂ | ဦးထွန်းအောင်ကျော် | ကရင်ပြည်နယ် | စစ်ဆေးရေးဌာန |
| ၃ | ဦးဂွန်ထွန်းဦး | ရခိုင်ပြည်နယ် | ကရင်ပြည်နယ် |

(၁၄) ရက်အတွင်းပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်)

အမှတ် ၃၁ ။ ။ သင်္ချာနှင်းကျွန်းပညာရေးကောလိပ်မှ ဌာနမှူး (စီမံ) ဒေါ်လွင်လွင်မြ အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၀ ရက် နံနက်ပိုင်းမှ အောက်တိုဘာလ ၉ ရက် မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၃၂ ။ ။ သင်္ချာနှင်းကျွန်းပညာရေးကောလိပ်မှ ဌာနမှူး (စီမံ) ဒေါ်လွင်လွင်မြ၏ ခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် နံနက်ပိုင်းမှစ၍ အသက် (၆၀) နှစ်ပြည့် သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

အမှတ် ၃၃ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၊ အမှတ်စဉ် (၃/၂၀၁၇) ၌ သဘောတူညီချက်အရ လားရှိုးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ကထိက ဒေါ်အောလစ်(ဖ်)ညို အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၃၄ ။ ။ ခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ကထိက ဒေါ်အောလစ်(ဖ်)ညို အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

အမှတ် ၃၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၊ အမှတ်စဉ် (၃/၂၀၁၇) ၌ သဘောတူညီချက်အရ လားရှိုးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်အက်စ်သာခူးမား အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၃၆ ။ ။ ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တွဲဖက်ပါမောက္ခ ဒေါ်အက်စ်သာခူးမား အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

အမှတ် ၃၇ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၊ အမှတ်စဉ် (၃/၂၀၁၇) ၌ သဘောတူညီချက်အရ စစ်ကိုင်းပညာရေး တက္ကသိုလ်၊ ပညာရေးစိတ်ပညာဌာနမှ ကထိက ဒေါ်ဝင်းရီ အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ကထိက ဒေါ်ဝင်းရီ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၃၈ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး၊ အမှတ်စဉ် (၃/၂၀၁၇) ၌ သဘောတူညီချက်အရ လားရှိုးတက္ကသိုလ်၊ အင်္ဂလိပ်စာ ဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါ်မြင့်မြင့်သန်း အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ပါမောက္ခ (ဌာနမှူး) ဒေါ်မြင့်မြင့်သန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

အမှတ် ၃၉ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး၊ အမှတ်စဉ် (၃/၂၀၁၇) ၌ သဘောတူညီချက်အရ မန္တလေးတက္ကသိုလ် အားကစား ဌာနမှ အားကစားအရာရှိ၊ ဦးမောင်မောင်လွင် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အားကစား အရာရှိ၊ ဦးမောင်မောင်လွင် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၀ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၊ အမှတ်စဉ် (၃/၂၀၁၇) ၌ သဘောတူညီချက်အရ မန္တလေးအဝေးသင် တက္ကသိုလ်၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနမှ ဌာနမှူး၊ ဦးအေးကျော် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့်ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ပါ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ဌာနမှူး ဦးအေးကျော် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)

အမှတ် ၄၀၀ ။ ။ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာနတွင် ဖွင့်လှစ်ပို့ချသည့် ဘွဲ့လွန်အသုံးချဘူမိဗေဒ ဒီပလိုမာသင်တန်းအတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၂) ဦးအား ယှဉ်တွဲဖော်ပြပါ ရက်နေ့မှစ၍ အချိန်ပိုင်း ပါမောက္ခများအဖြစ် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး** | **(၁) ရက်လာရောက် သင်ကြားလျှင် ချီးမြှင့်ငွေနှုန်း** | **ခန့်ထားသည့် ရက်စွဲ** |
|---|---|---|---|---|
| ၁။ | ဦးတိုးလှိုင် (၅၇) နှစ်<br>Technical Director<br>Ahlin Yaung Geotechnical and Engineering Services Pte Ltd. | အချိန်ပိုင်းပါမောက္ခ | ၅၀၀၀ိ/-<br>(၂၀ အကြိမ်မြောက်) | ၁၅-၆-၂၀၁၇ |
| ၂။ | ဦးအောင်ကြည်ဝင်း (၆၅) နှစ်<br>သုတေသနအရာရှိချုပ်<br>ရေနံရှာဖွေရေးသုတေသနဌာန၊<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>ထောက်ကြန့်၊ ရန်ကုန်မြို့ | အချိန်ပိုင်းပါမောက္ခ | ၅၀၀၀ိ/-<br>(န၀မအကြိမ်) | ၁၅-၆-၂၀၁၇ |

မှတ်ချက်။ အမှန်တကယ် လာရောက်တာဝန်ထမ်းဆောင်ရေးကို ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန ညွှန်ကြားရေးမှူးက တာဝန်ယူရန်ဖြစ်ပါသည်။

## အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်)

အမှတ် ၄၀၉ ။ ။ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇) သဘောတူညီချက်အရ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကာယနှင့်ကျောင်းကျန်းမာရေးပညာဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဦးကျော်ခင်အား အချိန်ပိုင်းကထိကအဖြစ် တစ်ရက်လာလျှင် ချီးမြှင့်ငွေ (၃၀၀၀ိ/-) နှုန်းဖြင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဒုတိယအကြိမ် (၁) နှစ် ဆက်လက်ခန့်ထားလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

အမှတ် ၄၃၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အဆင့်မြင့်ပညာဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) သဘောတူညီချက်အရ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရူပဗေဒဌာနမှ ကထိက ဒေါ်ခင်မျိုးမြင့် (ရ-၃၄၈၈) အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဒေါ်ခင်မျိုးမြင့် အား ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃) (က) အရ ရာထူးမှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာသိန်းဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အဆင့်မြင့်ပညာဦးစီးဌာန။

## ပင်စင်ဦးစီးဌာန

### ရုံးအမိန့်အပိုင်း (၁)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)

အမှတ် ၀၀၄၆/၂၀၁၇ ။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းမြတ်အေး အား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ခင်မောင်ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပင်စင်ဦးစီးဌာန။

## ငွေတိုက်ဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၄၁၈၃/၂၀၁၇) ဖြင့် ခွင့်ပြုချက်အရ ငွေတိုက်ဦးစီးဌာနမှ အောက်ပါ စိစစ်ရေးမှူး-၂ များအား ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

**စဉ် အမည်**

၁။ ဒေါ်စုစုအောင်

၂။ ဒေါ်ယုဝါခိုင်

၃။ ဦးချမ်းမြေ့အောင်

၄။ ဒေါ်သင်းနွယ်ထွေး

နွဲ့နွဲ့ဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ငွေတိုက်ဦးစီးဌာန။

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်)

အမှတ် ၅ ။ ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ နတ်တလင်းမြို့နယ်ဘဏ်ခွဲမန်နေဂျာ ဦးဟန်ညွန့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ - ၈၁ အရ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှ စ၍ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

အထက်ပါခွင့်ရက်များ ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းသူ၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်။

## မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)
## စီမံခန့်ခွဲရေးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်)

အမှတ် ၅၁ ။ ။ မြန်မာ့စီးပွားရေးဘဏ်၊ ရသေ့တောင်မြို့နယ်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဒေါ်တင်အေး (ID-၀၁၁၆၅) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့အထိ ခံစားခွင့် ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ - ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ - ၂၃၀၊ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

အမှတ် ၅၃ ။ ။ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၁)၊ ရန်ကုန်မြို့မှ လက်ထောက်မန်နေဂျာ ဦးချစ်ပို (ID-၀၀၄၇၆) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ အထိ ခံစားခွင့် ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ - ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ - ၂၃၀၊ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

အမှတ် ၅၄ ။ ။ မြန်မာ့စီးပွားရေးဘဏ်၊ ကန်ကြီးထောင့်မြို့နယ်ဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ ဦးရွှေကြိုင် (ID-၀၀၃၄၃) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့အထိ ခံစားခွင့် ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ - ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ - ၂၃၀၊ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ယဉ်ဇော်မျိုး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၅၀၀,၀၀၀/-) ဒေါ်သီတာမျိုးအောင်သည် ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်-၂၃၃ (က) အရ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဒေါ်ကြည်ကြည်ဦးသည် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ်-၂၃၃ (က) အရ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် ( ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြော်ငြာစာ

**ရွှေပဥ္စဂံ ရေကြောင်းဆိုင်ရာ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

**(GOLDEN PENTAGON MARINE SERVICES COMPANY LIMITED) အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၃. ၁၀. ၂၀၁၇

ကျင်းပမည့်အချိန် - နံနက် (၁၀း၃၀) နာရီ

ကျင်းပမည့်နေရာ - အမှတ် (၉၅/အီး)၊ ဝေဇယန္တာလမ်း၊ (၃/ခ) ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
[B.Com (Q), C.P.A]
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

## Integrated Medical Leadership Co., Ltd.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၂၂-၁၀-၂၀၁၇ ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အလုံလမ်း၊ အမှတ် ၃၃၀ Yangon International Hotel ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင်)က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B;L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၁၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၀၉-၅၀၀၈၅၈၃

## ရဲဂရင်း ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှယ်ယာရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၃. ၁၀. ၂၀၁၇

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ အမှတ် (၈၂၁)၊ (၂၅) ရပ်ကွက်၊ ဇီဇဝါ (၃) လမ်း၊ ဒဂုံမြို့သစ် (တောင်ပိုင်းမြို့နယ်)၊ ရန်ကုန်မြို့။

U Aung Lin Han
Managing Director
Yelgreen Co.,Ltd.

ဒေါ်စန်းစန်းအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၀၈၁၂)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Yume Juku Co., Ltd.

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **Yume Juku Co., Ltd.** ကို အစုရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

**၂။** ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

**၃။** သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

MYAT MON THEIN
MANAGING DIRECTOR
YUME JUKU CO.,LTD.

ဦးဇင်ဝေ
[B. Com, C.P.A, (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ထူးခြားကောင်းမွန်သော ရွှေ့လျားမှုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## (Great Mobile Trading Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ထူးခြားကောင်းမွန်သော ရွှေ့လျားမှုရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်** အား (၂၀-၉-၂၀၁၇) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်မီမီကျော် [B.Com (Q), C.P.A] အမှတ်-(၄၉/၅၁)၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၀-၁၀-၂၀၁၇) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကျော်ကိုကိုဝင်း
မန်နေးဂျင်းဒါရိုက်တာ
ထူးခြားကောင်းမွန်သောရွှေ့လျားမှုရောင်းဝယ်ရေး
ကုမ္ပဏီလီမိတက်၏ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

မီမီကျော်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**စထရင့်(သ်) ထရားဗဲ(လ်စ်) အင်(န်) တိုး(စ်) ကုမ္ပဏီလီမိတက်**

**(STRENGTH TRAVELS & TOURS COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**စထရင့်(သ်) ထရားဗဲ(လ်စ်) အင်(န်) တိုး(စ်) ကုမ္ပဏီလီမိတက် (STRENGTH TRAVELS & TOURS COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဝေ မိသားစု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(WAI FAMILY TRADING COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဝေ မိသားစု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (WAI FAMILY TRADING COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဂိုး(လ်) ဝိ(ထ်) ကုမ္ပဏီလီမိတက်

**(GOLD WHEAT COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဂိုး(လ်) ဝိ(ထ်) ကုမ္ပဏီလီမိတက် (GOLD WHEAT COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်

(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဟယ်လီတက်(ခ်) ကုမ္ပဏီလီမိတက်

**(HALLEYTECH COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဟယ်လီတက်(ခ်) ကုမ္ပဏီလီမိတက် (HALLEYTECH COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်

(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာ မာတာ ကုမ္ပဏီလီမိတက်**

**(MYANMAR MARTA COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာ မာတာ ကုမ္ပဏီလီမိတက် (MYANMAR MARTA COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်

(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ပယိုထူး ကုမ္ပဏီလီမိတက်**

**(PA YO HTOO COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ပယိုထူး ကုမ္ပဏီလီမိတက် (PA YO HTOO COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်

(တရားလွှတ်တော်ရှေ့နေ)

YE NOOS & ASSOCIATES (Law Firm)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၁၀၀/၂၂-၉-၂၀၁၇။